| | ဝန်ထမ်း အင်အားစာရင်းအား ဇယား ဖြင့် ဖော်ပြ ထားပါသည်။ ဩဂုတ်လ တွင် ISM 16 ပြုလုပ်ခဲ့ပါသည်။<br><br>**ဝန်ထမ်းရေးရာ**<br>• ကဏ္ဍအလိုက်ဝန်ထမ်းခန့်ထား မှု အခြေအနမှာ ၃၀/၉/၁၈ ထိ အောက်တွင် ဖော်ပြထားသည့် အ တိုင်း ဖြစ်သည်။<br><br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော ပထမနှစ်နှင့် ဒုတိယနှစ်ရှိ မြို့နယ် ၉ ခု- ဇယား ၁၂ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန်ကျန်ရှိ နေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီး သတ်မည်။ ၂) ပြည်ထောင်စု အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင် သော သုံးသပ် ဆွေးနွေးပွဲကို စက်တင်ဘာလတွင် ကျင်းပါ ကြောင်း ကြိုတင်ပြင်ဆင်မှုများ ပြု လုပ်ကြပါသည်။ ၃) ISM ၁၇ကို ဒီဇင်ဘာလတွင် ပြုလုပ်မည်။<br><br>**ဝန်ထမ်းရေးရာ**<br>• TTA များနှင့်အတူ မြို့နယ် ၉ မြို့နယ်ရှိ ဝန်ထမ်း ခန့်ထားမှု အခြေ အနေအချို့သော ခွင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖော် လုပ်ဆောင်ကြရမည်။ |

**၁၁။ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ**

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

၃၀။ လူထုဗဟိုပြုစီမံကိန်း ပဥ္စမနှစ် စီမံကိန်းစက်ဝန်း၏ သုံးလပတ်အတွင်း ဒေါ်အိနှင်းခိုင် ( Union infrastructure and safeguard assistant –union level)၊ ဦးနေမျိုးအောင် (Union infrastructure and safeguard assistant –union level ) နှင့် ဒေါ်ဝေမွန်သက် (Union infrastructure and safeguard assistant –union level) သည် တာဝန်ယူထားသော တိုင်းဒေသကြီး/ပြည်နယ် များအလိုက် ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။ စစ်ဆေးတွေ့ရှိချက်များ နှင့် အကြံပြုချက် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြို့နယ် CDD Team သည် ပိုမိုအားထုတ်ဖို့ လိုအပ်ပါသည်။ လုပ်ငန်းခွဲများအား ဆက်စပ်ဌာနဆိုင်ရာများ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသော အကြံပြုချက်များနှင့် အတည်ပြုချက်များ ရယူထားရမည်။

(ခ) မြို့နယ် TTA Team သည် နည်းပညာဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှု ရှိ၊မရှိ follow up လုပ်ရန် လိုအပ်ပြီး regional infra;-TA နှင့် လည်း ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်ဖို့လည်း လိုအပ်ပါသည်။

(ဂ) မြို့နယ် TTA Team သည် စွမ်းဆောင်ရည်နည်းသော ၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းသော ကျေးရွာအုပ်စု များသို့ ကြီးကြပ်ကွပ်ကဲ ပြောဆိုစည်းရုံးရန်လိုအပ်ပါသည်။

(ဃ) ပြည်နယ်/ တိုင်းဒေသကြီး CDD Team နှင့် မြို့နယ် TTA Team တို့သည် လည်ပတ်ရေးနှင့် ပြုပြင်ထိမ်းသိမ်းရေး လုပ်ဆောင်ချက်များ နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်ရမည်။

(င) ကျေးရွာတစ်ရွာချင်းစီ အလိုက် စီမံကိန်းလုပ်ငန်းခွဲဖိုင်၊ ဝယ်ယူရေးဖိုင်၊ ဘဏ္ဍာရေးဖိုင် ၊ လုပ်ငန်း မှတ်တမ်း၊ ညှိမှတ်တမ်းများ ရှိရမည်။

(စ) TF နှင့် CF များ သည် သတ်မှတ်ထားသော Ecop နှင့် EMP ကိစ္စရပ်များကို ကျေးရွာကော်မတီများနှင့် ကျေးရွာလူထုအား အလျဉ်းသင့်သလို ထပ်ခါထပ်ခါ ဝေမျှရမည်။

(ဆ) ပြည်နယ်/တိုင်းဒေသကြီး CDD Team အနေဖြင့် ကျေးရွာလူထု၏ ပိုမိုစိတ်ဝင်စားလာစေရန်၊ ပူးပေါင်းပါဝင်မှုအားကောင်းလာစေရန် ကွင်းဆင်းစစ်ဆေးခြင်းများ ပိုမိုလုပ်ဆောင်သင့်သည်။

(ဇ) မြို့နယ်တိုင်းသို့ ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးအဖွဲ့မှ ကျေးရွာ အဆင့် စီမံကိန်းလုပ်ငန်းခွဲဖိုင် နှင့် မြို့နယ် TF ဖိုင် ထားရှိရန် အသေးစိတ်ညွှန်ကြားထားသော အချက်အလက်များအား ပေးပို့ထားပြီး ဖြစ်သော်လည်း ယခု ကွင်းဆင်းစစ်ဆေးစဉ် အတွင်းလိုက်နာဆောင်ရွက်ခြင်း မရှိသေးပါ။

(ဈ) စီမံကိန်း နောက်ဆုံးနှစ် မြို့နယ်များ၏ TTA Team အနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ၏ အရေးကြီးသောအချက်အလက်များအား မည်သို့စီမံခန့်ခွဲမည်၊ ကျေးရွာလူထု အကောင်အထည်ဖော် ဆောင်ရွက်လိုသော လုပ်ငန်းခွဲနှင့် ပတ်သက်၍ မည်သည့်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ကိုသိရှိစေရန် နှင့် လည်ပတ်ရေးနှင့် ပြုပြင်ထိမ်းသိမ်းရေး အစီအစဉ်များအား သိရှိစေရန် စည်းရုံး လှုံ့ဆော်ပေးရန် လိုအပ်သည်။

(ည) လက်ထောက်နည်းပညာမှူးများအား instrument of leveling သင်တန်းအား ပို့ချပေးနိုင်လျှင် လုပ်ငန်းများ ပိုမိုအရည် ကောင်းမွန်လာပါလိမ့်မည်။

(ဋ) Infra counterpart, cluster leader နှင့် sub cluster leader များသည် monitoring trip များ အကြိမ်များများဆင်းနိုင်လေလေ ပိုကောင်းလေဖြစ်ပါသည်။

(ဌ) Conflit ဒေသများတွင် ဘေးကင်းလုံခြုံမှုဆိုင်ရာသင်တန်းများ ပို့ချခဲ့ပြီး ဖြစ်ပါသည်။

**မြို့နယ်များအား နည်းပညာထောက်ပံ့ပေးခြင်း**

၃၁။ ပြည်ထောင်စုကျေးလက်ဦးစီးဌာနမှ အခြေခံအဆောက်အဦးဆိုင်ရာ နည်းပညာအကြံပေးအရာရှိ (၃)ဦးသည် ၄င်းကောင်းတို့ တစ်ဦးစီ အတွက် သတ်မှတ်ထားသော ဒေသသုံးပိုင်းကြား အချိန်ကို ခွဲဝေပြီး မြို့နယ်များသို့ ပုံမှန်အထောက်အပံ့ပေးခြင်း နှင့် စောင့်ကြည့် ကြီးကြပ်ရေး ကွင်းဆင်းခြင်း တို့အား ပြုလုပ်ပါသည်။ ဤအကြံပေးအရာရှိ ၃ ဦးတို့သည် စီမံကိန်းလုပ်ငန်းများအား (က) ပြည်နယ်/တိုင်းဒေသကြီးရှိ infra အကြံပေး အရာရှိ၏ ကွင်းဆင်း အစီရင်ခံစာအားသုံးသပ်ခြင်း ၊ (ခ) ထိုအကြံပေးအရာရှိတို့အားသင်တန်းများ ထောက်ပံ့ ပေးခြင်းနှင့် (ဂ) အထောက်အပံ့လိုအပ်သည်ဟု သတ်မှတ်ထားသော အချို့စီမံကိန်းလုပ်ငန်းခွဲများသို့ ကွင်းဆင်းမှု ပြုလုပ်ခြင်းအားဖြင့် နည်းပညာ အထောက်အပံ့ပေးရပါသည်။

**၁၂။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

၃၂။ ဆန္ဒအလျောက်မြေယာလှူဒါန်းမှု အရေအတွက်မှာ ၆၈၆၇ ခု ဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် အရေအတွက်မှာ ၂၅ ခုဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက် အလက်များအား ဇယား ၂ ဖြင့်ဖော်ပြထားပါသည်။ လူမှုဆိုင်ရာအကာအကွယ်နှင့်ပတ်သက်၍ အသေး စိတ်အား ဇယား- ၃ ဖြင့်ဖော်ပြထားပါသည်။

၃၃။ သဘာဝဘေးကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ပေးမှုအစီအစဉ် - ပဥ္စမနှစ်တွင် မြို့နယ် ၁၀ မြို့နယ်၌ ချေးငွေအပြင် သဘာဝဘေးအတွက် fund အဖြစ် စုစုပေါင်း မြန်မာငွေကျပ် ၂၀၀.၉၅ ဘီလီယံအား ထုတ်ပေးပြီး ဖြစ်ပါသည်။ ခွဲဝေချထားငွေအား အောက်ပါအတိုင်း ဇယားတွင် အသေးစိတ်ကြည့်ရှုနိုင်ပါသည်-

**Supplementary Block Grant for Flood Damage Year 5**

| | Township | Block Grant | Included amount for damage |
|---|---|---|---|
| 1 | Kyainseikkyi | 2,488,000,000 | 27300000 |
| 2 | Paung | 2,102,000,000 | 14150000 |
| 3 | Pyawbwe | 2,712,000,000 | 10100000 |
| 4 | Pauk | 3,250,000,000 | 15750000 |
| 5 | Saw | 1,408,000,000 | 10708000 |
| 6 | Mindon | 1,584,000,000 | 52800000 |
| 7 | Thabaung | 1,932,000,000 | 1800000 |
| 8 | Kyangin | 920,000,000 | 27650000 |
| 9 | Hpasaung | 486,000,000 | 17900000 |
| 10 | Hpruso | 346,000,000 | 22800000 |
| | **Total** | | **200,958,000** |

**၁၃။ အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ**

**၃၄။ (က) စီမံကိန်းမှ ထောက်ပံ့ပေးသောအသုံးအဆောင်ပစ္စည်းအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် အသုံးပြုလျှက်ရှိသော ရုံးသုံးမော်တော်ဆိုင်ကယ်များ ပြုပြင်ရာတွင် အစားထိုးလည်းလှယ်ရမည့် ပစ္စည်းများဝယ်ယူရာတွင် မြို့နယ်အတွင်း ဝယ်ယူမရသည့်အတွက် ပြုပြင်ရာတွင် အချိန်ကြန့်ကြာမှုများ ရှိပါသည်။

**ပန်းတောင်းမြို့နယ်**

SAMSUNG Brand ရုံးသုံး Electronics ပစ္စည်းများ ( Photo Copier, Fax & Scanner) သည် အပိုပစ္စည်းများ ရှားပါးပြီး ပြန်လည်ပြုပြင်ရန် နည်းပညာကျွမ်းကျင်သူ မြို့နယ်တွင်းတွင် ရှားပါးပါသည်။ LENOVO (i7) Laptop များ၏ Software များ Update ပြုလုပ် ရန် လိုအပ်ခြင်းနှင့် Internet ချိတ်ဆက်သုံးစွဲရာတွင် အခက်အခဲများရှိပါသည်။

**ရွှေကျင်မြို့နယ်**

စာအုပ်စင် (၆'၆''x၃') (၂)လုံး၊ သံဗီရို (၂)လုံးနှင့် အံဆွဲနှစ်ဖက်ပါစားပွဲ (၂)လုံး ထပ်မံလို အပ်လျက်ရှိပါသည်။

**ကော့မှူးမြို့နယ်**

ကော့မှူးမြို့နယ်အနေဖြင့်စီမံကိန်းမှထောက်ပံ့ပေးသော အသုံးအဆောင်ပစ္စည်းများသုံးစွဲရာတွင် ယခုအခါ စားပွဲ အံဆွဲအချို့ အပိတ်အဖွင့်မရခြင်း၊ သော့များပျက် စီးနေခြင်း၊ ဆိုင်ကယ် အပိုပစ္စည်းများအလွယ်တကူမရရှိခြင်း၊ အရံဆိုင်ကယ်များ ပြင်ရန်ခက်ခဲမှုများရှိခြင်း၊ မိတ္တူကူးစက်များပြင်ဆင်ရန်ခက်ခဲမှုများရှိခြင်း၊ တို့တွေ့ကြုံနေရပါသည်။ ၄င်းအပြင် Tablet (၁၅)လုံးပျက်စီးနေပြီး Union သို့ (၄)လုံး ပေးပို့ထား ပြီးဖြစ်ပါသည်။

**ကျောက်တန်းမြို့နယ်**

စီမံကိန်းပထမနှစ်စက်ဝန်းတွင် အသုံးပြုခဲ့သောဖိုင်များကို စနစ်တကျသိမ်းဆည်းရန်နှင့် စီမံကိန်းနှစ်စက်ဝန်းအတွက် အသုံးပြုသောဖိုင်များကို စနစ်တကျထားရှိနိုင်ရန်အတွက် ဖိုင်စင်များ၊ ဖိုင်ထည့်သိမ်းရန်အတွက် ပလပ်စတစ်ပုံးများကို ဝယ်ယူသုံးစွဲခွင့်ပေးပါရန် တင်ပြအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး**

Computer များမှာ ရုံးချုပ်မှ IT Assistant လာရောက်ပြုပြင်သော်လည်း Window Software မှာ Out of Date ဖြစ်နေသဖြင့် Software Updated ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

**ငါန်းဇွန်မြို့နယ်**

Laptop များ Anti-virus သက်တမ်းကုန်နေပါသည်။ Laptop (၁)လုံး ဘက္ထရီ မကောင်းပါ။စာရင်းဖိုင်များ သိမ်းဆည်းရန်အတွက် ဗီဒို (၁၀) လုံးခန့်လိုအပ်ပါသည်။

**ညောင်ဦးမြို့နယ်**

ဘီရိုများမလုံလောက်ခြင်းနှင့် ဘီရိုတံခါးများခိုင်ခံ့မှုမရှိခြင်း၊ ဖိုင်များထားရှိရန် စာအုပ်စင်များ (သို့မဟုတ်) ဘီရိုများ လိုအပ်နေပါသည်။

**ရမည်းသင်းမြို့နယ်**

အရေးပေါ် အသုံးပြုရန် မီးစက်အသုံးပြု ရစေချင်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

ပျော်ဘွယ်မြို့နယ်၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ပေးပို့ထားသော စီမံကိန်းမော်တော်ဆိုင်ကယ်များသည် စီမံကိန်းစက်ဝန်း တစ်နှစ် ကျော်လာပြီ ဖြစ်သဖြင့် ဆိုင်ကယ် (Chain Sprocket) များသည် အသစ်လဲလှယ်ရန် လိုအပ်နေပြီး အပြင်ဆိုင်ကယ် အပိုပစ္စည်းများ လဲလှယ်ရန် အမျိုးအစားမတူ၍ လဲလှယ်ရန် အခက်အခဲ ရှိနေပါသည်။

တတိယနှစ်စက်ဝန်း ပြန်လည်စတင်ချိန်တွင် စီမံကိန်းမော်တော်ဆိုင်ကယ်များ ကောင်းမွန်နေစေရေးအတွက် ဆိုင်ကယ်(၄၀)စီးအား ( Procurement Officer )မှ စာရင်းပြုစု ငွေတောင်းခံပြီး လိုအပ်သော ပစ္စည်းအစိတ်အပိုင်းများ လဲလှယ်ခြင်း ၊ ဆိုင်ကယ်တာယာ လဲလှယ်ခြင်း ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

လက်ရှိအသုံးပြုလျှက်ရှိသော စီမံကိန်းလုပ်ငန်းသုံး မော်တော်ကားမှာ အသုံးပြုပြီး ကီလိုမီတာ(၃၀၀၀)ကျော်ပြီးဖြစ်သဖြင့် ကားအင်ဂျင်ဝိုင်လဲခြင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

လက်ရှိအသုံးပြုလျှက်ရှိသော စီမံကိန်းလုပ်ငန်းသုံးမော်တော်ကား၏ နောက်တာယာ (၂)လုံးမှာ လဲလှယ်ခဲ့ပြီးဖြစ်ပါသည်။

ပျော်ဘွယ်မြို့နယ်မှ (CDD Project )အတွက် ပေးထားသော Lenovo Laptop Computer (1) လုံးမှာ (LCD) မှန်ကွဲသွားပါသဖြင့် နေပြည်တော်သို့ ပေးပို့ပြီး ပြုပြင်ဆောင်ရွက်ပြီး ခဲ့ပါသည်။

စီမံကိန်းမှ ပံ့ပိုးပေးထားသော (Samsung)အမှတ်တံဆိပ် (Copier) မိတ္တူကူးစက် ပျက်သွားသည်မှာ (၃)လခန့် ရှိပါသည်။ နေပြည်တောသို့ အကြောင်းကြားပြီး (Linn Service Center ) သို့ ပေးပို့ခဲ့သော်လည်း (Spsre Part) ( ဖလင်ပြား) အခက်အခဲကြောင့် ယနေ့ချိန်ထိ မရရှိသေးပါ။ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော မိတ္တူကူးရန် ကိစ္စများ အတွက် အပြင်ဆိုင်တွင် ငွေပေး၍ ကူးနေရ၍ ငွေကြေးကုန်ကျမှုများ ရှိပါသည်။

အလားတူစွာပဲ (Samsung 3 in 1 Printer )(အသေး)မှာလည်း(Donner&Cartridge ) အခက်အခဲကြောင့် အသုံးပြုမရပဲ ဖြစ်နေပါသည်။

**နွားထိုးကြီးမြို့နယ်**

နွားထိုးကြီးမြို့နယ်လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)ဆောင်ရွက်နေပြီဖြစ်၍ဖိုင်စင် နှင့် ဘီရိုများ ထပ်မံတောင်းခံထားပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ် မှတင်ပြထားသည်မှာ စီမံကိန်းအတွက် နေပြည်တော် (ရုံးချုပ်)မှ ထောက်ပံ့ပေးသော စီမံကိန်း လုပ်ငန်းခွဲများတွင် စိုက်ထူရမည့် ကျောက်စာတိုင် များတွင် အသုံးပြုသည့် စီမံကိန်း အမှတ်တံဆိပ်ပါ (Logo) ကြွေပြားများ၏ အရည်အသွေးမှာ မကောင်းသောကြောင့် နေရောင်ခြည်ဒါဏ် မခံနိုင်ဘဲ အချိန်တိုအတွင်းတွင် ဆေးရောင်များ ပျက်ပျယ်သွားသည်ကို တွေ့ရှိ ရကြောင်း၊ Tablet 2 လုံးမှာ Power များအလုပ်မလုပ်သဖြင့် Union procurement  သို့ Aug, 2017 တွင် ပို့ထားသော်လည်း အကြောင်းကြား ခြင်း မရှိကြောင်းနှင့် လက်ရှိတစ်လုံးမှာလည်း မျက်နှာပြင်ခုံးနေသောကြောင့် မှန်မကွဲကပ်၍မရခြင်း၊ စီမံကိန်းသုံး ကွန်ပျူတာများအား ပုံမှန် Update မပြုလုပ်နိုင်ခြင်း၊ စီမံကိန်းသုံး မော်တော်ဆိုင်ကယ် XL 125 များအတွက် အပိုပစ္စည်းများ လိုအပ်နေကြောင်း Union procurement သို့တင်ပြထား သော်လည်း ယခုအချိန်အထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခြင်းတို့ ကြုံတွေ့ နေရကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်မှတင်ပြထားသည်မှာ မော်တော်ဆိုင်ကယ်များ၏ အရံပစ္စည်း များမှာလည်း ဒေသတွင်း ဝယ်ယူမရရှိနိုင်သောကြောင့် ကုမ္ပဏီသို့ တိုက်ရိုက်မှာယူ သုံးစွဲရပါသည်။ တခါတရံ ကုမ္ပဏီတွင် ပစ္စည်းပြတ်နေ သည့် အခါတွင် အရံပစ္စည်းများရရှိရန် ကြံ့ကြာမှုများ ရှိပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ်မှတင်ပြထားသည်မှာ ဟွန်ဒါဆိုင်ကယ်များ အတွက် ဒေသတွင် အပိုပစ္စည်း ဝယ်ရန်ခက်ခဲနေပါသဖြင့် ဆိုင်ကယ်များအား ခေတ္တရပ်တန့်ထားရခြင်းများကြောင့် လုပ်ငန်း ဆောင်ရွက်ရာတွင် အခက်အခဲ အနည်းငယ် ရှိခြင်း၊ စီမံကိန်းမှထုတ်ပေးသော Tablet များ ပျက်စီးသွားခြင်းအား အလွယ်တကူ ပြန်လည်ပြင်ဆင်ရန် ခက်ခဲခြင်း နှင့် Union သို့ ပို့ပြီးသော်လည်း အချိန်မှီ ပြန်လည် မရောက်ရှိနိုင်ခြင်း၊ ဝန်ထမ်းဦးရေနှင့် Laptop Computer မလောက်ငှမှုမရှိခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများ ဝယ်ယူရန်အခက်အခဲရှိပါသဖြင့် ဒေသတွင်း တွင်ခုံများတွင် တီထွင်၍ အသုံးပြုရပါသည်။ TVS (ဆိုင်ကယ် အသေး) များ၏ အရံပစ္စည်းများမှာလည်း ဒေသတွင်း ဝယ်ယူ မရရှိနိုင်သောကြောင့် ကုမ္ပဏီ သို့ တိုက်ရိုက်မှာယူ သုံးစွဲရပါသည်။ တခါတရံ ကုမ္ပဏီတွင် ပစ္စည်း ပြတ်နေသည့် အခါအရံပစ္စည်းများ ရရှိရန် ကြံ့ကြာမှုများ ရှိပါသည်။ယခုအခါ ဆိုင်ကယ်အကြီး ချိန်း နှင့် စပေ့ါကက် ကို ဘုရားသုံးဆူမှ မှာကြား ဝယ်ယူရရှိနေပြီ ဖြစ်ပါသည်။ မိတ္တူကူးစက် ပျက်နေပါသဖြင့် VDP book များအချိန်နှင့်အပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိပါ။

**ကော့ကရိတ်မြို့နယ်**

Printer များ၊ Copier များအတွက် ကျွမ်းကျင်Servicing မရှိခြင်း။

**လယ်ဝေးမြို့နယ်**

လယ်ဝေးမြို့နယ်အနေဖြင့် Tablet အစုံမရရှိသေးပါ။

**ချောင်းဆုံမြို့နယ်**

စီမံကိန်း၏ MIS အတွက် ကျေးရွာအချက်အလက်များ ဖြည့်သွင်းရာတွင်Tablet များ အရေးကြီးပါသည်။ ယခု(၃)လအတွင်း Tablet (၄) လုံး၊ Laptop (၁)၊ Desktop (၃) လုံး ပျက်စီးသဖြင့် ပုံစံ (၉.၅) ပစ္စည်းပျောက်ဆုံး/ ပျက်စီးမှုအစီရင်ခံစာဖြင့် ဝယ်ယူရေးဌာနသို့ တင်ပြထားပါသည်။

**ပေါင်မြို့နယ်**

စီမံကိန်းမှ ထောက်ပံ့ပေးသော Laptop (၆) လုံးမှ (၁) လုံးမှာ စက်အလုံးလိုက် လဲရန် အတွက် (၁၈.၉.၂၀၁၈) နေပြည်တော်သို့ပို့ဆောင်ထားပါသည်။

**ပင်လည်ဘူးမြို့နယ်**

ပင်လည်ဘူးမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် Color printer များ စက်ချို့ ယွင်းနေပြီး ပြုပြင်ရန် တင်ပြထားပြီး ဖြစ်ပါသည်။

**ဗန်းမောက်မြို့နယ်**

ဗန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံး အဆောင်များတွင် Honda 125 ဆိုင်ကယ်အကြီးများသည် ပြန်လည်ပြင်ဆင်ရန် ပစ္စည်းဝယ် ယူ၍ မရရှိသောကြောင့် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် Laptop Computer တစ်လုံး ပျက်စီးနေသဖြင့် ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပြင်ဆင်မှုပြုနိုင်ပါရန် ပေးပို့ ပြင်ဆင် လျှက်ရှိပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် အစည်းအဝေးများ ပြုလုပ်ရာ၌ အစည်း အဝေးခန်းမထဲတွင် စားပွဲအရှည်(၄)နှင့် Stand Fan (၃) လုံးလိုအပ်လျက်ရှိပါသည်။ ကျေးရွာ အလိုက် PC Form များထားရန်အ တွက် အဆင့် (၄) ဆင့်ပါ File shelves (၄)စင်များ လိုအပ်

လျက်ရှိပါသည်။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သွားလာ ဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် စက်လှေတစ်စီး လိုအပ်လျက် ရှိပါသည်။

## ကျွန်းလှမြို့နယ်

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင်ပစ္စည်းများအနေဖြင့် အခက်အခဲများမရှိပါ။

## မတူပီမြို့နယ်

စီမံကိန်းမှ ထောက်ပံ့ပေးသော မော်တော်ဆိုင်ကယ်များအတွက် အပိုပစ္စည်းများ ဒေသတွင် မရရှိနိုင်ခြင်း၊ မန္တလေး TVS ကုမ္ပဏီအရောင်းဆိုင်တွင်လည်း အပိုပစ္စည်းများ လုံလောက်စွာ အဆင်သင့်ဝယ်မရခြင်းကြောင့် အခြားတံဆိပ်( တရုတ်နိုင်ငံထုတ် KENBO အမှတ်တံဆိပ်) များကို ပြုပြင်ကာ အစားထိုးသုံးစွဲရသော်လည်း အဆင်မပြေပါ။ မော်တော် ဆိုင်ကယ်များ အသုံးပြုမှု တစ်နှစ်ကြာမြင့်ပြီးဖြစ်သောကြောင့် အလတ်စား ပြုပြင် ထိန်းသိမ်းခြင်း လုပ်ဆောင်ရန် လိုအပ်ပါသည်။

စီမံကိန်းမှထောက်ပံ့သော DT ဆိုင်ကယ်များ (၁၅စီး)အား အသုံးပြုလျက်ရှိပြီး ၁ စီးမှာ ပြုပြင်ရန် လိုအပ်နေပါသည်။ လက်တော့ပ်ကွန်ပျူတာ(Laptop Computer)များ လုပ်ဆောင်ချက် နှေးကွေးခြင်း၊ ရုံဖန်ရုံခါ ပါဝါဖွင့်မရခြင်း၊ ကီးဘုတ်များ ကောင်းမွန်စွာ အလုပ်မလုပ်ခြင်းများ ကြုံတွေ့ရပါသည်။

ပြင်ဆင်ရန် ပေးပို့ထားသော SAMSUNG Tablet များအား မူလ ပေးပို့ထားသည့် အတိုင်း လက်ခံရရှိပြီး ၎င်းအစား HUIWAI Tablet ၄ လုံး လက်ခံရရှိထားပါသည်။

## တွန်းဖ်မြို့နယ်

Honda 125(DT) ဆိုင်ကယ်(၆)စီးနှင့် TVS (၂၉)စီး စုစုပေါင်း(၃၅)စီး ရရှိသော်လည်း တောင်ပေါ်ဒေသ မိုးတွင်းကာလဖြစ်ပြီး သွားလာရေးခက်ခဲသောကြောင့် ဆိုင်ကယ်များ အပျက်အစီးများခြင်း၊ Honda 125 အရံပစ္စည်းများ ရှားခြင်းကြောင့် ဝယ်ယူရန် အခက် အခဲရှိခြင်း။

Tablet များ ပံ့ပိုးရာတွင်လည်း လက်ထောက်နည်းပညာမှူး(၇)ဦး၊ လူထုစည်းရုံးရေးမှူး (၁၁)ဦးအတွက်သာ လျာထားချက်ပါရှိသည့်အတွက် ကျန်လက်ထောက်နည်းပညာမှူး (၂) ဦးနှင့် လူထုစည်းရုံးရေးမှူး(၅)ဦးအတွက် စုစုပေါင်း Tablet (၇)လုံး လိုအပ်နေပါသည်။

TVS ဆိုင်ကယ်များ၏ အရံပစ္စည်းများမှာလည်း ဒေသတွင်း ဝယ်ယူ မရရှိနိုင်သော ကြောင့် မန္တလေးမြို့ရှိ ကုမ္ပဏီသို့ တိုက်ရိုက်မှာယူရန် ချိတ်ဆက်လုပ်ဆောင်နေပါသည်။

## သာပေါင်းမြို့နယ်

သာပေါင်းမြို့နယ်အနေဖြင့် Motorbike ပြင်ဆင်ရန် Tablet ပြင်ဆင်ရန် ရရှိထားသော Copier သည် cartridge ဝယ်ရန်ခက်ခဲပါသည်။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် ငပုတောမြို့နယ်သည် နယ်မြေကျယ်ပြန့်ပြီး ကုန်းလမ်းခရီးသာမက ရေလမ်းခရီးလည်း များပြားသဖြင့် စီမံကိန်းမှ စက်လှေတစ်စီးထပ်မံလိုအပ်လျက်ရှိပါသည်။ ယခင်နှစ်မှ ဗွီနိုင်းများ ရာသီဥတုကြောင့် ပျက်စီးနေခြင်း။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် ကျေးရွာအဆင့် ဝေဖန်အကြံပြုစာတိုက်ပုံးများ မရောက်ရှိခြင်းအတွက် ဝေဖန်အကြံပြုရာတွင် အခက်အခဲဖြစ်ခြင်း။

**ပလက်ဝမြို့နယ်**

မိတ္တူကူးစက်အခက်အခဲရှိနေဆဲဖြစ်ပါသည်၊ ပျက်နေသောTablet များအတွက် Tablet (၇) လုံး (Hawai Brand- အသစ်(၄)လုံးနှင့် ယခင်အဟောင်း(၃)လုံးရရှိခဲ့ပါသည်။ TF, CF များအသုံးပြုနေသော ဆိုင်ကယ်များ အားလုံးကိုအကြီးစားပြန်ပြင်ပေးခြင်းရှိခဲ့ပါသည်။ နောက်ထပ် မော်တော်ဆိုင်ကယ် အသစ်(၂၃)စီးလည်းထပ်မံပေးပို့ထားပြီးဖြစ်ကာ Cannon Brand Printer (၂)လုံးထပ် မံရရှိခဲ့ ပါသည်။ လက်ရှိအသုံးပြုနေသောကွန်ပျူတာများမှာ ကောင်းမွန်မှုမရှိတော့ပါ။

**ဒီးမော့ဆိုမြို့နယ်**

ဒီးမော့ဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး $4^{th}$ cycle စတင်ရန် ပြင်ဆင်သည့်ကာလဖြစ်သောကြောင့် လက်ရှိ အသုံးပြုနေသော TVS ဆိုင်ကယ် (၃) စီးနှင့် Honda 115 (၆)စီး အတွက် ဆိုင်ကယ်အပိုပစ္စည်း ဝယ်ယူသုံးစွဲခွင့် ပြုပါရန် အကြံပြုတင်ပြပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ အလွန်ကြမ်းတမ်းသည့် တောင် တက်လမ်းများ အတွက်ချမှတ်ပေးထားသည့်ဆိုင်ကယ်အကြီးများEngine Power နည်းလွန်းခြင်း။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ Laptop(၆)လုံး ရရှိပြီး မြို့နယ် နည်းပညာ အကြံပေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်း စုစုပေါင်း(၁၃)ဦးရှိပြီး (၃)မြို့နယ်ခွဲဖြစ်သောကြောင့် လုပ်ငန်းများအတွက်အသုံးပြုရာတွင် အနည်းငယ်အခက်အခဲ ရှိပါသည်။ ဆက်လက်ပြီးစီမံကိန်းမှထောက်ပံ့သော Laptop အားလုံးသည် တစ်နှစ် ကျော်ပြီ ဖြစ်သောကြောင့် သက်ဆိုင်ရာမှလာရောက်ပြီး Application များ စစ်ဆေးခြင်း၊ Activate များ

ပြုလုပ်ပေးစေလိုပါကြောင်း တင်ပြအပ်ပါ သည်။ Laptop(၂)လုံး ထပ်မံထောက်ပံ့ ပေးနိုင် ပါရန် တင်ပြအပ်ပါသည်။

စီမံကိန်းမှထောက်ပံ့ပေးသော မော်တော်ဆိုင်ကယ်သည် TVS110 သာ ဖြစ်သောကြောင့် စီမံကိန်းဒေသဖြစ်သည့် အထူးသဖြင့်မော်ချီးဒေသ အတွက် အနည်းငယ်ကိုက်ညီမှု မရှိပဲ ဖြစ်နေပါသည်။ HONDA 125 မော်တော်ဆိုင်ကယ်အမြင့်ဘီး တစ်စီးမှာပျက်စီးပြီး ပြင်ဆင်ရန် ဆိုင်ကယ် ပြင်ဆိုင်သို့ ပို့ဆောင်ပြီးဖြစ်သော်လည်း ၄င်းဆိုင်ကယ်အပိုပစ္စည်းဝယ်ယူရန် အခက် အခဲဖြစ်ခြင်းကြောင့် လက်ရှိအချိန်ထိမရရှိသေးပါ။ ပြည်ထောင်စုအဆင့်မှ လိုအပ်သော အပို ပစ္စည်းများဝယ်ယူနိုင်ရေးအတွက် ချိတ်ဆက် ဆောင်ရွက်နိုင်ရန် အကြံဉာဏ်နှင့် ညွှန်ကြား ချက်များ၊ လမ်းညွှန်မှုများ ရှိပါက ညွှန်ကြားပေးပါရန် တင်ပြအပ်ပါသည်။ ဆိုင်ကယ်(၃)စီး ထပ်မံထောက်ပံ့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဖားဆောင်းရုံး၏ Air Router(၁)ခု ပျက်စီးသွားသောကြောင့် ရုံးချုပ်သို့ ပို့ဆောင်ပြီး သော်လည်း လက်ရှိအချိန်ထိ ပြန်လည်ရောက်ရှိမလာသေး ကြောင်းတင်ပြအပ်ပါသည်။

စီမံကိန်းမှထောက်ပံ့ရန်စီစဉ်ထားသော Video Camera ကိုလည်းအမြန်ဆုံး ထောက်ပံ့ ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ လက်ရှိတွင် Camera ဖြင့်သာ လိုအပ်သော Video မှတ်တမ်းကို ရိုက်ယူထားလျှက်ရှိပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီးတွင် စီမံကိန်းမြို့နယ်ရှိ ကျေးရွာများသို့ ကွင်းဆင်းရာ၌ ရုံးချုပ်မှချပေးထားသော ၁၁၀စီစီမော်တော်ဆိုင်ကယ်များဖြင့် ကွင်းဆင်း ဆောင်ရွက်ရာတွင် လွယ်ကူသော်လည်း တစ်ချို့ကျေးရွာအုပ်စုများသို့ ကွင်းဆင်းရာတွင်မူ အဆင်မပြေပါ။ ထို့ကြောင့် လမ်းကြမ်းအသုံးပြုနိုင်သည့် ဆိုင်ကယ် (၂)စီးခန့် ပံ့ပိုးပေးပါက ပိုမိုအဆင် ပြေပါမည်။

**တနင်္သာရီမြို့နယ်**

တနင်္သာရီမြို့နယ်သည် သွားလာရခက်ခဲသောမြို့နယ်များအထဲတွင် ပါဝင်ပြီးမိုးရာသီတွင် ရေလမ်းခရီးကိုပြောင်းလဲအသုံးပြုရခြင်း၊ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ပါကလည်း လမ်းဆိုး သောကြောင့် စီမံကိန်းမှ လက်ရှိပံ့ပိုးပေးထားသော ၁၁၀ စီစီဆိုင်ကယ်များနှင့် တစ်ချို့ ကျေးရွာများအတွက် အဆင်မပြေပါ။ ထို့ကြောင့် ခရီးကြမ်းအသုံးပြုနိုင်မည့် မော်တော်ဆိုင်ကယ် (၁၀)စီးခန့် ပံ့ပိုးပေးပါကမိုးရာသီအချိန် ကွင်းဆင်းသွားရောက်ရာတွင် ပိုမိုအဆင်ပြေနိုင်မည် ဖြစ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် အနေဖြင့် စီမံကိန်းမှထောက်ပံ့သော အသုံးအဆောင်ပစ္စည်းအသုံးပြုရာ တွင် Samsung Copier Machine(Multi Xpress k3300NR)မိတ္တူကူးစက်ကြီးမှာဆေး

ကုန်သည့်အခါတွင်လည်းကောင်း ပြုပြင်ရန်လိုအပ်သည့်အခါတွင်လည်းကောင်း ဆီဆိုင်မြို့နယ် အပါအဝင်ရှမ်းပြည်(တောင်ပိုင်း)ရှိ မြို့နယ်များတွင် Catridgeများဝယ်ယူရန်၊ Serviceပြုလုပ်ရန်၊ နည်းပညာရှင်ခေါ်ယူရန်အခက်အခဲရှိနေပါသည်။ လူထုဗဟိုပြုစီမံကိန်းရုံး၌ နိုင်ငံတော်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးသဖြင့် ကွန်ပျူတာများ၊ပရင်တာများ၊ မိတ္တူကူးစက်ဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန် နေ့စဉ်မီးစက်ကိုသာအသုံးပြုရသည့် အခြေအနေဖြစ်နေပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှထောက်ပံ့သောအသုံးအဆောင်ပစ္စည်းများအနေဖြင့် နေပြည်တော်(ရုံးချုပ်)မှလိုအပ်သောပစ္စည်းအချို့ရောက်ရှိပြီးဖြစ်သော်လည်း ဗွီနိုင်းများ၊ လက်ကမ်းစာစောင်များ အကြံပြုတိုင်ကြားစာတိုက်ပုံးနှင့် ကျောပိုးအိတ်များမရရှိသေးပါ။

**ပူတာအိုမြို့နယ်**

စီမံကိန်းမှထောက်ပံ့သောအသုံးအဆောင်ပစ္စည်းများအနေဖြင့် နေပြည်တော်ရုံးချုပ်မှ လိုအပ်သော ပစ္စည်းတစ်ချို့ရောက်ရှိပြီးဖြစ်သည်။ သို့သော် Pamphlet များနှင့် ကျောပိုးအိတ်များလည်း မရရှိသေးသော အခက်အခဲများ ရှိပါသည်။

**ရွှေကူမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများဖြစ်သော စိမ့်စမ်းရေသွယ်ယူခြင်းကွင်းဆင်းတိုင်းတာရန် Auto level မရှိသဖြင့်တိုင်းတာရန် အခက်အခဲဖြစ်ရပါသည်။ ဂန်ထမ်းများ ကျောပိုးအိတ် မရရှိခြင်းကြောင့် စာရွက်စာတမ်းများသယ်ဆောင်ရာတွင် ခက်ခဲပါသည်။

**(ခ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခက်အခဲ**

**မိုးညိုမြို့နယ်**

ထိန်တောအုပ်စု၊ ထိန်တောကျေးရွာ၏ တတိယနှစ်စက်ဝန်း လုပ်ငန်းခွဲများ ရွေးချယ်ခြင်းနှင့် ပတ်သက်ပြီး ထိန်တောအုပ်စု စီ/ထောက်ကော်မတီ၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်မှုများရှိခဲ့ရာ နှစ်ဘက်ညှိနှိုင်းဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး နောက်ဆုံးတွင် အဆိုပြုလုပ်ငန်းခွဲများအား တိုင်းနှင့် မြို့နယ်အဆင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာများမှ ပြန်လည်ကွင်းဆင်း ကြည့်ရှုသုံးသပ်ပြီး ဒေသခံများမှထပ်မံအဆိုပြုသည့် လမ်းပိုင်းတစ်ပိုင်းအား ထပ်တိုးလုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးပေးခဲ့ပါသည်။ ယင်းကဲ့သို့ ညှိနှိုင်း သဘောတူညီမှုရရှိပြီးသည့်အချိန်တွင် မိုးတွင်းကာလသို့ ရောက်ရှိသွားသဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခြင်းမရှိတော့ပါ။

၄င်းနောက် (၉.၈.၂၀၁၈) ရက်နေ့တွင် ဖော်ပြပါလုပ်ငန်းများအား စတင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင်၊ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့မှ ထိန်တောကျေးရွာသို့ သွားရောက်ပြီး နည်းပညာ အစည်းအဝေးနှင့် စတုတ္ထ အကြိမ်အစည်းအဝေးများ ပြုလုပ်ရာ တက်ရောက်လာကြသော ကျေးရွာလူထုသည် ယခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းခွဲများအနက် လမ်းပြုပြင်ခြင်း လုပ်ငန်းခွဲ (၂)ခုသည် လာမည့် စတုတ္ထနှစ်စက်ဝန်းတွင်လည်း ဆက်လက်ဆောင်ရွက်မည်ကို ကျေနပ်မှု မရှိသဖြင့် အစည်းအဝေးကို ဖျက်သိမ်းခဲ့ရပါသည်။

သို့ပါ၍ မြို့နယ်TTA, DRD-counterparts၊ တာဝန်ကျလူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများသည် ထိန်တောကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ အနေဖြင့် ဦးစားပေးလုပ်ငန်းခွဲများ တည့်မတ်စွာ ပြန်လည်သုံးသပ်ရွေးချယ်ကာ ဆုံးဖြတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်တိုးတက်မှုအခြေအနေများကို တိုင်းစီမံကိန်း တာဝန်ခံထံသို့ စဉ်ဆက်မပြတ်အစီရင်ခံတင်ပြကာ လမ်းညွှန်မှုများ ခံယူဆောင်ရွက်လျက် ရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

မိုးရာသီအချိန်တွင်မိုးများပြီး ဆက်သွယ်ရေးလမ်းများပျက်စီးခြင်း၊ ပစ္စည်းသယ်ယူမည့် လမ်းကြောင်းများတွင် စပါးများစိုက်ပျိုးထားသည့်အတွက်ကြောင့် စီမံကိန်းလုပ်ငန်းခွဲများ အတွက် လိုအပ်သည့်ပစ္စည်းများ သယ်ဆောင်ရာတွင် ခက်ခဲခြင်းကြောင့် စီမံကိန်းလုပ်ငန်းခွဲ များအချိန်မှီပြီးရန် ကြန့်ကြာခြင်း။

မိုးရာသီတွင်စစ်တောင်းမြစ်ရေကြီးမှုကြောင့် အချို့သောကျေးရွာများတွင် စီမံကိန်း လုပ်ငန်းခွဲများ ပျက်စီးမှုများရှိပြီး မပြီးသေးသည့် စီမံကိန်းလုပ်ငန်းခွဲများ ဆက်လက် လုပ်ဆောင်ရန် အချိန်ကြန့်ကြာမှုများ ရှိနေခြင်း။

**ပန်းတောင်းမြို့နယ်**

ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများ၊ ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်မှု အားနည်းခြင်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ် ရှိပါသည်။

**ထန်းတပင်**

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်သော အခက်အခဲ များမှာ မိုးရေကြီးခြင်း၊ ဒေသခံကျွမ်းကျင်လုပ်သားများရှားပါးခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများပျက်စီးခြင်း၊ ကော်မတီဝင်များသည်လုပ်ငန်းဆောင်ရွက်မှုနည်းပါးခြင်း၊ ကျေးရွာလူထုစည်းဝေးတက်ရောက် မှု အခက်အခဲရှိခြင်း၊ TPIC ထောက်ခံချက်ရရှိပြီးမှရွာသူ/သားများ စိတ်ပြောင်းသွားခြင်း၊

မြို့နယ်အသစ်တွင် များမှ စီမံကိန်းအတွက် ကူညီမှုအားနည်းခြင်းအချက်များ အနည်းငယ် ရှိပါသည်။

**ကော့မှူးမြို့နယ်**

ကျေးရွာအစည်းအဝေးပွဲများ၊ လူထုစစ်ဆေးပွဲများပြုလုပ်ရာတွင် ကျေးရွာလူထုမှ အလုပ်မအားသည့်အတွက်ငှင်း၊ အလှူအတန်းများနှင့် တိုက်ဆိုင်သည့်အတွက်ငှင်း ၅၀% ပြည့်မှီရန်ခက်ခဲပြီး မကြာခဏ အစည်းအဝေးပွဲများ ရွှေ့ဆိုင်းခဲ့ရပါ သည်။

လည်ပတ်ထိန်းသိမ်းရန်ပုံငွေ ကောက်ခံရာတွင် အခက်အခဲရှိခြင်း၊ ကျေးရွာလူထုမှ ထည့်ဝင်မှုအားနည်းခြင်း၊ တာဝန်ယူကောက်ခံမည့်သူမှ အတိအကျတာဝန်မယူခြင်း။

ကော်မတီဝင်များမှ အကာအကွယ်ပစ္စည်းအသုံးပြုမှုနှင့် ပတ်သက်၍ စောင့်ကြည့်မှုအားနည်းခြင်း။

**ကွမ်းခြံကုန်းမြို့နယ်**

ကျေးရွာအလိုက်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာအတွင်းမညီညွတ်မှုများကြောင့် လုပ်ငန်းဆောင်ရွက်နေချိန်တွင် ဝေဖန်အကြံပြုစာများ မကြာခဏပေးပို့နေသဖြင့် မကြာခဏလုပ်ငန်းရပ်ဆိုင်းထားရသောကြောင့် လုပ်ငန်းပြီးစီးမှုအတွက်နှောင့်နှေးကြန့်ကြာနေမှုများ ကြုံတွေ့နေရပါသည်။

ဒုတိယနှစ်စက်ဝန်းစတင်ချိန်သည် ကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်းခွင်နှင့် တိုက်ဆိုင်နေသောကြောင့် အစည်းအဝေးများနှင့် သင်တန်းများတွင် လူမစုံခြင်းနှင့် လူစုရန်ခက်ခဲခြင်း။

ဒုတိယနှစ်စက်ဝန်းတွင် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အချိန်လုံလောက်စွာ ရှိနေသော်လည်း လုပ်ငန်းများအမြန်ပြီးစီးရန် ဖိအားပေးနေသောကြောင့် လုပ်ငန်းအရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် လူထု၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အတွက် အခက်အခဲများစွာရှိနေခြင်း။

**ငါန်းဇွန်မြို့နယ်**

ငါန်းဇွန်မြို့နယ်သည် ရေဝင်ရပ်ဒေသဖြစ်သောကြောင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကြန့်ကြာခြင်း

**ညောင်ဦးမြို့နယ်**

M&E/MIS Form ပုံစံများ ပြောင်းလဲမှုနောက်ကျခြင်း၊ လုပ်ငန်းပြီးသော်လည်း Social Audit လုပ်မရကြန့်ကြာခြင်း။Township Workplan အတိုင်းဆောင်ရွက်ခွင့်ရရန် ။

## ပျော်ဘွယ်မြို့နယ်

ကျေးရွာတွင်းလမ်းများ ဆောင်ရွက်ရာတွင် အငြင်းပွားမှုများကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။

၂၀၁၇ ခုနှစ် စီမံကိန်းပထမနှစ်စက်ဝန်းတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွား ခဲ့သောကျေးရွာ (၇)ရွာအတွက် လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြင်ဆင် ထိန်းသိမ်းစရိတ် ရရှိပါသည်။၎င်းပြင်ဆင်ထိန်းသိမ်းစရိတ် တွက်ချက်တင်ပြစဉ်က နည်းပညာ လိုအပ်ချက်အရ အားနည်းခဲ့၍ ကျေးရွာ(၅)ရွာ၏ လုပ်ငန်းမှာ ရံပုံငွေ လုံလောက်မှု မရှိဖြစ်ခဲ့ ရပါသည်။ ကျန်ကျေးရွာ (၂)ရွာ၏ လုပ်ငန်းမှာ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ကျေးရွာ (၅)ရွာ၏ လုပ်ငန်းမှာ ရွှေ့လာမည့် စီမံကိန်းတတိယနှစ်စက်ဝန်းမှသာ ၎င်းကျေးရွာမှ ရရှိမည့် ရံပုံငွေဖြင့် ဆက်လက် ဆောင်ရွက်သွားရန် ကျေးရွာအစည်းအဝေး ပြုလုပ်ကာ သဘောတူညီမှုဖြင့် ဆက်လက်ဆောင် ရွက်သွားရန် (Union ) မှ ညွှန်ကြားချက်ရရှိထားပါသည်။ ၎င်းလုပ်ငန်း များမှာ ( ၃၀-၉-၂၀၁၈) ရက်နေ့အထိတွင် (၁၀၀%) ပြီးစီး ဆောင်ရွက် ခဲ့ပြီးဖြစ်ပါသည်။

## မင်းတုန်းမြို့နယ်

မင်းတုန်းမြို့နယ်မှ တင်ပြထားသည်မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျွမ်းကျင် လုပ်သားများခေါ်ယူရာတွင် မရရှိခြင်း ကြောင့် မြေဇုန်ကျေးရွာ တွင် လုပ်ငန်းခွဲ ပြီးဆုံးမှု နှောင့်နှေးခဲ့ရခြင်းနှင့် ကြပ်ဝကျေးရွာတွင် ကြိုးတံတား တည်ဆောက်ခြင်း လုပ်ငန်းပါ သတ်မှတ် ထားသောအချိန် ကာလအတွင်း မပြီးဆုံးအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသော်လည်း စက်တင်ဘာလ နောက်ဆုံး ပတ်တွင် ကျန်ရှိသည့်လုပ်ငန်းခွဲ ( ၂ ) ခု အချိန်မီပြီးစီးခဲ့ခြင်း၊ တောင်ဖီလာကျေးရွာတွင် တတိယနှစ်စက်ဝန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ရေစက်ရုံသည် ရေထဲသို့မျောပါ ပျက်စီး ဆုံးရှုံးခဲ့ရခြင်း နှင့် တောင်ဖီလာကျေးရွာအတွက် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သတ်သည့် ရံပုံငွေကို ဇူလိုင်လတွင် တောင်းခံ ထားခြင်း၊ လမ်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းများကြံ့ခိုင်စေရန်အတွက် နှင့် ရေရှည်အသုံးပြုနိုင်ရန်အတွက်လမ်းကြိတ်စက်များ လိုအပ်သော်လည်း တောင်ပေါ်ဒေသ များတွင် လမ်းကြိတ်စက် အသုံးပြုရန် ခက်ခဲခြင်းကြောင့် ကျေးရွာမှ ဖောကားများကိုသာ အသုံးပြုရသည့်အတွက် လမ်းအရည် အသွေးမပြည့်ဝမှုဖြစ်ခြင်းတို့အား တင်ပြလာပါသည်။

## ပေါက်မြို့နယ်

ပေါက်မြို့နယ်မှတင်ပြလာသည်မှာ မြို့နယ်အတွင်း တတိယနှစ်စက်ဝန်း စတင်အကောင် အထည်ဖော်စဉ် ကျေးရွာအုပ်စု၊ ကျေးရွာ အသစ်များ တိုးပွား လာပါသည်။ ကျေးရွာအုပ်စုအသစ် တိုးလာမှုအား တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါသည်။ ကျေးရွာအသစ်များ တိုးပွားလာမှုအား မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ထောက်ခံစာ ရရှိရေးအတွက် (၂၃.၇.၂၀၁၈) ရက်နေ့တွင် သစ်ကြီးတော၊ ဘန့်ပြင်၊

ပန်းစိမ်းတောင်၊ မုဆိုးကုန်း၊ ဖိုးလွမ်းပြေ ကျေးရွာများ၊ (၂၃.၈.၂၀၁၈) ရက်နေ့တွင် ဖိုးလိုချောင်ကျေးရွာ၊ (၂၄.၉.၂၀၁၈) ရက်နေ့တွင် ကမ္ဘာ့ဖြူးကျေးရွာများအား တတိယနှစ် စီမံကိန်းစက်ဝန်းတွင် ပါဝင်နိုင်ရန် စီစစ်ထောက်ခံ ပေးပါရန် တင်ပြခဲ့ပါသည်။ (၄.၁၀.၂၀၁၈) ရက်နေ့တွင် ၄င်းကျေးရွာများ၏ အိမ်ခြေ၊ လူဦးရေ၊ ကျေးရွာအိမ်ခြေပြ မြေပုံများနှင့်တကွ ပြန်လည် တင်ပြထားသော်လည်း ထောက်ခံချက် မရှိသေးခြင်း၊ ပေါက်မြို့နယ်အတွင်းရှိ ရေနံနယ်မြေအတွင်း ပါဝင်သည့် ကျေးရွာများတွင် ပထမအကြိမ်၊ ဒုတိယအကြိမ် အစည်း အဝေးများ ဆောင်ရွက်ရန်အတွက် စည်းရုံးရေးမှူးများမှ (၄-၅)ကြိမ်ခန့် သွားရောက်ခဲ့ သော်လည်း သတ်မှတ်လူဦးရေ မပြည့်သည့်အတွက် အစည်းအဝေးများ မဆောင်ရွက်နိုင် သေးခြင်း၊ ရေနံမြေဧရိယာအတွင်းရှိ ကျေးရွာပြည်သူလူထုသည် ရေနံမြေတွင် နေ့စဉ် ဝင်ငွေရလုပ်ငန်းများတွင် လုပ်ဆောင်နေသောကြောင့် အစည်းအဝေးတက်ရောက်ရန် ခက်ခဲ သောကြောင့် အဆိုပါကျေးရွာများတွင် စီမံကိန်းအကောင်အထည်ဖော်မှု ကြန့်ကြာနိုင်ပါသည်။ သို့ဖြစ်ပါသောကြောင့် တတိယနှစ်စက်ဝန်းအတွက် ရန်ပုံငွေ တောင်းခံရာတွင် နောက်ကျခြင်း၊ ကျေးရွာအသစ်များ တိုးပွားလာခြင်းကြောင့် အုပ်စု ရန်ပုံငွေခွဲဝေရာတွင် ခက်ခဲနိုင်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ကျေးရွာအုပ်စု ကော်မတီမှ အတည်ပြုထားသော ဦးစားပေး စီမံကိန်း လုပ်ငန်းခွဲများကို မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီထံတွင် (၂၁.၉.၂၀၁၈)ရက်နေ့တွင် တင်ပြထားသော်လည်း ခွင့်ပြုချက်ရရန် စောင့်ဆိုင်းနေသောကြောင့် Township workplan အတိုင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု နှောင့်နေး နိုင်ကြောင်းတင်ပြထားပါသည်။

### ဆောမြို့နယ်

ဆောမြို့နယ်မှ ဝယ်ယူရေး/ဘဏ္ဍာရေး ဆိုင်ရာ ပုံစံများ ပြောင်းလဲသွား သော်လည်း ပုံစံများနှင့်ပတ်သက်သည့် မွမ်းမံသင်တန်းများ မရရှိခြင်းကြောင့် ပုံစံများဖြည့်သွင်းရာတွင် အခက် အခဲရှိနေကြောင်း တင်ပြလာပါသည်။ ထို့ကြောင့် ဝယ်ယူရေး/ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံ သင်တန်းများအား နေပြည်တော်မှ ပေးစေလိုပါသည်။

### ကြာအင်းဆိပ်ကြီးမြို့နယ်

တစ်ချို့ကျေးရွာများတွင် လမ်းကြိတ်စက် မြေတူစက်များ ရှားပါးသဖြင့် အလှည့်ကျ သုံးစွဲနေရသဖြင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ပြီးစီးရန် ကြန့်ကြာခဲ့ပါသည်။ ယခုအချိန်သည် မိုးတွင်းကာလဖြစ်သဖြင့် လမ်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးမှု ရှိပါသည်။ အဝီဇိတွင်းများ သည်လည်း လုံလောက်သော ရေထွက်ရှိရန်အတွက် နေရာရွှေ့ပြောင်း တူးရသဖြင့် တိုးတက်မှု နှေးခဲ့ရခြင်း ဖြစ်ပါသည်။

### လှိုင်းဘွဲမြို့နယ်

ရေတံခွန်၊ ရင်းဘိုင်း၊ မဲလရော၊ တာလယ်၊ ဝင်းစော၊ မြိုင်ကြီးငူ(၁)နှင့်(၂) ကျေးရွာ အုပ်စု(၇)အုပ်စုရှိ၊ ကျေးရွာပေါင်း(၉၂)ရွာ သည်လတ်တလော နယ်မြေ ဒေသလုံခြုံမှုနှင့်

ရပ်ရွာလူထု ပူးပေါင်းပါဝင်မှုအခြေအနေများအရ စီမံကိန်း ပထမနှစ်စက်ဝန်းတွင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။

**ကော့ကရိတ်မြို့နယ်**

ဝဲလစ်ကျေးရွာအုပ်စုတွင် လက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက် ရသဖြင့် ကျေးရွာ ပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးများ စတင်နိုင်ရန်နှောင့်နှေး ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် အလှမ်းဝေးကွာမှုကြောင့် သပြုကျေးရွာ အုပ်စုသည် ကျေးရွာပထမ နှင့် ဒုတိယအကြိမ် အစည်းအဝေးများ စတင်နိုင်ရန် နှောင့်နှေး ခဲ့ပါသည်။

မိုးရာသီတွင် ရေကြီးနစ်မြုပ်သောကာလ ၂လခန့်ကြာမြင့်သောကြောင့် ဒေါဖျာကျေးရွာ အုပ်စုတွင် အစည်းအဝေးစတင်ရန် နှောင့်နှေးခဲ့ပါသည်။

**တပ်ကုန်းမြို့နယ်**

တပ်ကုန်းမြို့နယ်တွင်တခါတရံ ဝန်ထမ်းလုံလောက်မှုမရှိပါ။ ပျဉ်းမနားမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများ၌နည်းပညာအခက်အခဲများ ရှိနေခြင်း၊ ငွေကြေးမလုံလောက်မှုများ ရှိနေခြင်း၊ စက်ယန္တယာ ငှားရမ်းရန်အခက်အခဲများ ရှိနေခြင်းတို့ကြောင့် အချို့ စီမံကိန်း လုပ်ငန်းခွဲများမှာ ကောင်အထည်ဖော်ရန်အခက်အခဲများရှိနေပါသည်။ (ဥပမာ - အလယ်ချောင်း အောက်ကျေးရွာ ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ခြင်း၊ ကျီးဖြူရိုးကျေးရွာ အုတ် ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ အလယ်ရွာနှင့် သဲကျွန်းရွာကြား တံတား တည်ဆောက် ခြင်းလုပ်ငန်း)

**ချောင်းဆုံမြို့နယ်**

ချောင်းဆုံမြို့နယ်သည် နယ်မြေလုံခြုံခြင်း၊ ဆက်သွယ်ရေးလွယ်ကူချောမွေ့ခြင်းတို့ကြောင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အခက်အခဲမရှိပါ။

**ပင်လည်ဘူးမြို့နယ်**

ပင်လည်ဘူးမြို့နယ်၊လူထုဗဟိုပြုစီမံကိန်းရုံးသည် ယခင်နှစ်များ၏ အတွေ့အကြုံများ အရ စက်ယန္တား ရာငှားရမ်းမှုအပိုင်းတွင် ဖြစ်သင့်သောဈေးနှုန်းထက် များပြားနေသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါသဖြင့် စက်ယန္တရားပိုင်ရှင်များ၊ သက်ဆိုင်ရာကော်မတီဝင်များ ဈေးနှုန်း ညှိနှိုင်းအစည်းအဝေးကို နှစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။ ကော်မတီဝင်များနှင့် စက်ယန္တရား ပိုင်ရှင်များ ညှိနှိုင်းချက်အရ လမ်းကြိတ်စက်ဈေးနှုန်းမှာ ယခင်နှစ် (၃၅၀၀၀၀) ကျပ်ခန့် မှ (၁၆၀၀၀၀)ထိ လျော့ကျသွားခဲ့ပါသည်။ဘက်ဟိုးပိုင်ရှင် (၃)ဦး အစည်းအဝေး တက်ရောက် ခဲ့သော်လည်း တစ်ဦးသာလျှင် ကော်မတီများနှင့် ညှိနှိုင်းသဘောတူညီမှု ရယူခဲ့ပါသည်။ ဈေးနှုန်း သက်သာသွားသော်လည်း လုပ်ငန်းလိုအပ်သော ကျေးရွာများ ရက်ထပ်နေသည့်အခါတွင် အခက်

အခဲအနည်းငယ် ကြုံတွေ့ခဲ့ရပါသည်။ သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်းဆောင် ရွက်ရန် စီစဉ်ထားပါသည်။

**ဗန်းမောက်မြို့နယ်**

ဗန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းများအားလုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် လျှပ်စစ်မီးလင်းရေးလုပ်ငန်း (၈) ခုမှာ လုပ်ငန်းအ ကောင်အထည်ဖော်ဆောင်ရွက်မှုပြီးစီးသော်လည်း လျှပ်စစ်ဦးစီးဌာနမှ EI စစ်ဆေးရန် ကျန်ရှိနေသေးပြီး မီးလင်းနိုင်ခြင်းမရှိသဖြင့် လုပ်ငန်းအပြီးသတ် မဆောင်ရွက် နိုင်သေးပါ။

**ကနီမြို့နယ်**

ကနီမြို့နယ် ၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခက်အခဲများ မရှိသေးပါ။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် မိုးတွင်းမိုးများသောကာလတွင် ကျေးရွာများသို့သွား ရာ၌ သဖန်းဆိပ်ဆည်အတွင်းကသာ ဖြတ်သန်းသွားလာရခြင်း၊ ဖြတ်သန်းရာတွင် ရေပြင်ဧရိယာကျယ်ပြန့်ပြီး လှိုင်းလေထန်သောကြောင့် ခရီးကြန့်ကြာပြီး အန္တရာယ်များပြားခြင်း၊ မိုးတွင်းကာလတွင် ကျေးရွာသို့သွားရာ လမ်းများ ကျေးရွာခြင်းဆက်လမ်းများ အတက်အဆင်း များပြီး မကောင်းသောကြောင့် ရွံ့ဗွက်ထူကာ ဆိုင်ကယ်များ စီးနှင်းရာတွင် ခက်ခဲခြင်း၊ နှစ်ယောက်စီးလျှင်အန္တရာယ်များခြင်း၊ ဆည်အထက်ပိုင်းရှိ ကျေးရွာများတွင် လမ်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် မိုးတွင်းကာလတွင် လုပ်ငန်းသုံးစက်ပစ္စည်းများ သယ်ယူရန် အဆင် မပြေသဖြင့် လုပ်ငန်းခွဲများ စတင်နိုင်ရန် ခက်ခဲလျက်ရှိပါသည်။

**မတူပီမြို့နယ်**

မြေယာလှူဒါန်းမှုအပိုင်းတွင် မြေရှင်များနှင့် ညှိနှိုင်းမှုများတွင် လူမျိုးနွယ်စုပြဿနာများ ပါဝင်လာခြင်း၊ လှူဒါန်းမှု ကတိပြုပြီးမှ လျော်ကြေးငွေများ တောင်းဆိုကြခြင်း၊ အချို့ ကျေးရွာများတွင် စီမံကိန်းကော်မတီဝင်များနှင့် ကန်ထရိုက်တာများ ငွေရေးကြေးရေး လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်လာခြင်း၊ ကော်မတီဝင်များအား ပုဂ္ဂိုလ် တစ်ဦး တစ်ယောက် ထဲမှ လွှမ်းမိုးခြင်း၊ စီမံကိန်း ဝန်ထမ်းများမှ မိမိအရာရှိထံ သတင်းပို့မှု နောက်ကျပျက်ကွက်ခြင်း၊ အကောင်အထည်ဖော်ရာတွင် ရေးဆွဲခွင့်ပြု သဘောတူထားသည့် ဒီဇိုင်းမှ လွဲချော်နေ သောကြောင့် အကြိမ်ကြိမ်တည့်မတ်ပေးရခြင်း၊ ဆောက်လုပ်ရေးပစ္စည်း ဝယ်ယူရာတွင် မူလ

တွက်ချက်ထားသည့် အရေအတွက်ထက် ပိုမိုဝယ် ယူမိခြင်း၊ သယ်ယူ စရိတ်များ တွက်ချက်မှုထက် များနေခြင်း၊ အရည်အသွေး မပြည့်မီသော သစ်များအား အစားထိုး မှာယူခြင်းစသည့် အကြောင်းရင်းများ ဖြစ်ပေါ်လာခြင်းကြောင့် ဝန်ထမ်းများမှ ညှိနှိုင်းဆောင်ရွက်မှုများစွာ ဆောင်ရွက်ခဲ့ရပြီး စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုသည် မျှော် မှန်း ပြီးစီးမည့်ရက်ထက် နောက်ကျခဲ့ရပါသည်။

## တွန်းဇံမြို့နယ်

ကျေးရွာလူထု လုပ်ငန်းခွင်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် တစ်ချို့ကျေးရွာများမှာ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် အားလုံးမပါဝင်နိုင်သောကြောင့် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်း နှောက်နှေးမှုများ ရှိသည်။

တွန်းဇံမြို့နယ်အနေဖြင့် မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် ပစ္စည်းများ သယ်ယူရာတွင် အခက်အခဲရှိသည့် အချိန်ကြောင့် လုပ်ငန်းများ စတင်နိုင်ရန် ခက်ခဲမှုများ ရှိခဲ့ပါသည်။

လက်ထောက်နည်းပညာမှူး (၂)ဦးနှင့် လူထုစည်းရုံးရေးမှူး(၆)ဦးတို့မှာ အဝေးသင် တက္ကသိုလ် အနီးကပ်သွားရောက် သင်ကြားရမည်ဖြစ်သည့်အတွက် လုပ်ငန်း အကောင်အထည်ဖော်သည့်အချိန်တွင် နှောင့်နှေးနိုင်ပါသည်။

## လေးမျက်နှာမြို့နယ်

လေးမျက်နှာမြို့နယ်အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချို့ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများ ယခင်နှစ်များ ထက် စောလျင်စွာ စနိုင်သော်လည်း အချို့ကျေးရွာများတွင် မြေယူရန်ခက်ခဲခြင်း၊ ပစ္စည်းသယ်ယူ ရန်ခက်ခဲခြင်းတို့ကြောင့် စောလျင်စွာ မဆောင်ရွက်ခဲ့ပါ။

## သာပေါင်းမြို့နယ်

သာပေါင်းမြို့နယ်အနေဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆဲကာလဖြစ်နေပါသဖြင့် ကျေးရွာလူထုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ်သည့်အစည်းအဝေး၊ လုပ်ငန်းပူးပေါင်းပါဝင် လုပ်ဆောင်မှု အနည်းငယ်အခက်အခဲ ဖြစ်စေခဲ့သည်မှအပ ထူးခြားအခက်အခဲမရှိပါ။

## ငပုတောမြို့နယ်

ငပုတောမြို့နယ်အနေဖြင့် ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့ဝင်များ ကဏ္ဍအလိုက် ပူးပေါင်းပါဝင် လုပ်ဆောင်မှု အားနည်းခြင်း။ ယခု သုံးလပတ်အတွင်း ဒုတိယနှစ်စီမံကိန်းစက်ဝန်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ တပြိုင်တည်းနည်းပါး စတင်ဆောင်ရွက်ကြခြင်းကြောင့် လုပ်ငန်းသုံး ပစ္စည်းများဝယ်ရာတွင် အခက်အခဲများရှိခြင်း၊

ကြုံကြာခြင်း။ ဧပြီနှင့် မေလများတွင် ဆောက်လုပ်ရေးအတွက် အသုံးပြုရန် အချို့ကျေးရွာများတွင် ရေအခက်အခဲရှိခဲ့ခြင်း ကော်မတီဝင်များ အပြောင်းအလဲများခြင်း

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် စီမံကိန်းစတင်ဆောင်ရွက်သည်ဖြစ်သောကြောင့် သက်ဆိုင်ရာ လူကြီးမင်းများ စီမံကိန်းအကြောင်း ထပ်ခါထပ်ခါ ရှင်းပြနေရခြင်း။

**အမ်းမြို့နယ်**

အမ်းမြို့နယ်သည် နယ်မြေကျယ်ပြန့်ကြီးမားကာကျေးရွာများပြန့်ကြဲတည်ရှိနေမှုမှုကြောင့် မိုးရာသီတွင် သွားလာရခက်ခဲသည့်အပြင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ပစ္စည်းများပြတ်လပ်မှုတို့ကြောင်း စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်မှု နောက်ကျမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်သည် နယ်မြေကျယ်ပြန့် ကြီးမားကာ ကျေးရွာများ ပြန့်ကြဲတည်ရှိနေမှုကြောင့် မိုးရာသီ တွင် သွားလာရခက်ခဲသည်။ ဝန်ထမ်းများနှင့် အဆက်အသွယ် ရရှိနိုင်မှုခက်ခဲသည်။ တစ်ချို့ကျေးရွာ များမှာ ရေစီးသန်သော ချောင်းငယ်များမ တစ်ဆင့် မိုးရာသီတွင် သွားလာရ အဆင်ပြေ လွယ်ကူသည်။ နွေရာသီတွင် ချောင်းရေတိမ်သောကြောင့် သွားလာရခက်ခဲသည်။

အထက်ကုလားတန်ဒေသရှိ တစ်ချို့ကျေးရွာများမှာ နယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် စီမံကိန်းလုပ်ငန်းများ ရပ်နားထားခဲ့ရပြီး၊ စစ်ပွဲများမကြာခဏဖြစ်ပွားနေမှုကြောင့် အထက်ကုလားတန်ဒေသရှိ တစ်ချို့ရွာ များသို့ တာဝန်ကျဝန်ထမ်းများ သွားလာရခက်ခဲမှုကြုံတွေ့နေရပါသည်။

**လွိုင်ကော်၊ရှားတောမြို့နယ်**

လွိုင်ကော်၊ ရှားတောမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး အိမ်ခြေများသော ကျေးရွာများတွင် အစည်းအဝေး တက်ရောက်လာသူများကို ထိန်းချုပ်ရန် ခက်ခဲခြင်း။

စီမံကိန်းလုပ်ငန်းခွဲအချို့များတွင် ကျေးရွာမှ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်လိုသော်လည်း နည်းပညာပိုင်းဆိုင်ရာ မတတ်ကျွမ်းခြင်း၊ ပစ္စည်း ကိရိယာများမစုံလင်ခြင်းတို့ကြောင့် ပူးပေါင်းပါဝင်မှု အားနည်းခဲ့ပါသည်။ (ဉပမာ-Steel Structure)

အချို့သောကျေးရွာများသည် စီမံကိန်းအပေါ်တွင် စိတ်ဝင်စားမှုမရှိခြင်းနှင့် ၎င်းတို့၏ စားဝတ်နေရေးခက်ခဲမှုကြောင့် အချိန်ပေးမှုအားနည်းခြင်း။

အချို့သောကျေးရွာများတွင် ကျေးရွာအချင်းချင်းအပိုင်းကွဲခြင်း၊ စည်းလုံးမှု မရှိခြင်း တို့ကြောင့် ဝန်ထမ်းများကစည်းရုံးရာတွင် ခက်ခဲခြင်း။

အချို့သောကျေးရွာများတွင် ကော်မတီတစ်ဦးတည်းမှ ဝယ်ယူရေးလုပ်ငန်း များအား လုပ်ဆောင်နေရသော အခက်အခဲများရှိခြင်းတို့ဖြစ်ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

ဒီးမော့ဆိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် ရန်ပုံငွေတောင်းခံခြင်းနှင့် ပတ်သက်၍ **Union Finance** မှ ကျေးရွာအုပ်စု (၂၆) အုပ်စု၏ ဘဏ်စာရင်းသို့ ရန်ပုံငွေ လွှဲပြောင်း ခဲ့ပါသည်။ကျေးရွာအုပ်စုများမှလည်း ထုတ်ယူသုံးစွဲပြီးဖြစ်သည်။ တတိယနှစ် စီမံကိန်း စက်ဝန်း အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်း (၇၁)ခု ၏ ငွေစာရင်းရှင်းတမ်း ဘ(၆)၊ နှင့် (၂၆) အုပ်စု၏ အုပ်စုငွေစာရင်းရှင်းတမ်း ဘ(၇) အားလုံးကိုလည်း စာရင်း ရှင်းလင်းပြီးဖြစ်သည်။ Union Finance Department သို့ (၂၆) အုပ်စုကို အစီရင်ခံတင်ပြပြီးဖြစ်သည်။ တတိယနှစ်စက်ဝန်း၏ ထူးခြား ချက်မှာ စီမံကိန်းလုပ်ငန်းခွဲ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကျေးရွာ များ၏ငွေ၊ ပစ္စည်း၊ လုပ်အား ထည့်ဝင်မှု စုစုပေါင်းသည် စီမံကိန်း ထောက်ပံ့ငွေ၏ (၁၃%) ခန့်ရှိသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် တော်ခူကျေးရွာအုပ်စု၊ ဒိုးလာစော ကျေးရွာအုပ်စု၊ သိုသီးဖိုကျေးရွာအုပ်စုနှင့် ကေကောကျေးရွာ အုပ်စုများသည် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် KNPPမှ ကန့်သတ်ထားသဖြင့် လုပ်ငန်းများ မစနိုင်သေးခြင်းနှင့် ခွင့်ပြု မိန့်ရရှိရန် ဆောင်ရွက်နေရခြင်း။ ဆက်သွယ်ရေးအနေဖြင့် မြို့နယ်၏(၈၀%)ခန့် ဖုန်းလိုင်း မမိခြင်း၊ လိုင်းကားများ (၁)ပတ်လျှင်(၁)ကြိမ်ခန့်သာရှိခြင်း၊ လူကြုံနည်းပါးခြင်း။ လူထု စည်းရုံးရေးမှူးနှင့် နည်းပညာမှူးများ ခရီးထွက်လျှင် ဆက်သွယ်ရန် ခက်ခဲခြင်း။ ဘာသာ စကားအခက်အခဲ(ကျေးရွာအုပ်စု တစ်ခုတည်းတွင် ဘာသာစကား (၂) မျိုး/(၃) မျိုးပြောဆိုခြင်း၊ တစ်ရွာနှင့်တစ်ရွာ ဘာသာစကား မတူခြင်း)။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် လူထုဗဟိုပြုစီမံကိန်းဂင်သော ကျေး ကျေးရွာ အချို့တွင် စီမံကိန်းအပေါ်ယုံကြည်မှု အားနည်းခြင်း (မော်ချီးဒေသ)၊ ကျေးရွာ လူဦးရေ နည်းပါးခြင်းကြောင့် စီမံကိန်း အကောင် အထည်ဖော်ရာတွင် မပါဂင်နိုင်ခြင်း၊ တာဂန်ယူ၊ တာဂန်ခံ မှု မယူနိုင်ခြင်း၊ စိတ်ဂင်စားမှုအားနည်းခြင်းများနှင့် အခက်အခဲများနှင့် တွေ့ကြုံရပါ သည်။ မော်ချီး ဒေသ သည်လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် ဖုန်းဆက်သွယ် ဖုန်းဆက်သွယ်ရေး မရ ရှိ ခြင်း ကြောင့် ဂန်ထ မ်း များသွားလာရာတွင် အလွန် အန္တရာယ်များပါးခြင်း၊ လုံခြုံမှုမရှိခြင်းစသော အခက်အခဲ များ ရှိပါ သည်။

အချို့သောကျေးရွာများတွင်မူ စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ရန် ဆန္ဒရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ခွင့်ပြုစာမရရှိခြင်းကြောင့် ဒုတိယနစ် စက်ဝန်းတွင် အကောင်အထည် မဖော်နိုင်ခဲ့ပါ။

အချို့သော ကျေးရွာများတွင်မူ ကျေးရွာလူထုမှ စီမံကိန်းလုပ်ငန်းခွဲကို မိမိကိုယ်တိုင် အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်မှုအားနည်းခြင်းကြောင့် သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းခွဲပြီးချိန်အတိုင်း မပြီးသောကြောင့် အန ည်းငယ်နောက်ကျမှပြီးစီးခြင်း၊ အရည်အသွေးပိုင်းလည်း အနည်းငယ် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

ကျောက်ချောလမ်းလုပ်ဆောင်သော စီမံကိန်းလုပ်ငန်းများသည်လည်း စက် ယန္တရားယား ဌားရမ်းသည့်အပိုင်းတွင်အ ခက်အခဲများကြုံတွေ့ခြင်း၊ ဌားရမ်း စရိတ်များနေခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်မှု အနည်းငယ် နောက်ကျခဲ့ပါသည်။

ဖားဆောင်း၊ ဘောလခဲနှင့် မယ်စဲ့မြို့နယ်သည် မြို့ ငယ်လေးသာ ဖြစ်ခြင်းကြောင့် စီမံကိန်းလုပ်ငန်းခွဲ အ တွက်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူရာတွင် အခက်အခဲရှိခြင်း၊ လွိုင်ကော်မြို့တွင်သာများသောအားဖြင့် ဝယ်ယူရခြင်းကြောင့် ကုန်ကျစရိတ် ပိုမိုများပြားခြင်း၊ ကော် မတီများ အချိန်ပိုပေးရခြင်းနှင့် လမ်းပန်း ဆက်သွယ်ရေး ဝေးကွ သောသောကြောင့် သယ်ယူစရိတ်များ များပြားခြင်းနှင့် ကြုံတွေ့ရပါသည်။

## တနသာၤရီမြို့နယ်

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်အချိန်အတွင်း ( ဇူလိုင်မှသြဂုတ် လ)အတွင်း ရေဘေးအန္တရာယ်ကြုံတွေ့ရသဖြင့် စီမံကိန်းလုပ်ငန်းများနှောင့်နှေးမှုကို ကြုံတွေ့ခဲ့ရပါသည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရပြီးရေပြန်ကျသည့်အချိန်တွင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကိုလုပ်ဆောင်နေရပါသဖြင့် စီမံကိန်းလုပ်ငန်းများအားလုပ် ဆောင်ရာတွင် မျှော်မှန်းထားသလောက်ပြီးစီးမှုများမရနိုင်ခဲ့ပါ။

## နမ့်ဆန်မြို့နယ်

နမ့်ဆန်မြို့နယ်နှင့်မောက်မယ်မြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ထောက်ပံ့ပေးသောအသုံးအဆောင်ပစ္စည်းများ အခက်အခဲများအနေဖြင့် နယ်မြေအေးချမ်းမှုမရှိသဖြင့် ကျေးရွာတွင်အစည်းအဝေးပြုလုပ်ရန်ခက်ခဲခြင်း၊ အစည်းအဝေးတက်ရောက်သူမပြည့်မီသဖြင့်လူထုစစ်ဆေး ပွဲပြုလုပ်နိုင်ရန်ခက်ခဲခြင်း၊ ဒေသစီးပွားရေးအဆင်မပြေမှုကြောင့် ဒေသခံလုပ်သားများပြည်ပသို့သွားရောက်၍ အလုပ်လုပ်သူများပြားနေသဖြင့် လုပ်ငန်းခွဲများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်လုပ်သားရှားပါးသည့်အခက်အခဲများကြုံတွေ့ရပါသည်။

## ဆီဆိုင်မြို့နယ်

ဆီဆိုင်မြို့နယ် စီမံကိန်းလုပ်ငန်းခွဲများကို စီမံကိန်းစက်ဝန်းကာလ တစ်ခုအတွင်းလုပ်ငန်းခွဲပေါင်း(၁၆၁)ခုကို တစ်ပြိုင်နက်လူထုကိုယ်တိုင် စီမံခန့်ခွဲအကောင်အထည်ဖော်ရာတွင်ကျွမ်းကျင်သော လက်သမား၊ပန်းရံလုံလောက်စွာရရှိရန်အခက်အခဲရှိပါသည်။ ကျေးရွာအတွင်းရှိ အချို့

သောပန်းရုံ၊လက်သမားများသည် အတွေ့အကြုံနည်းပါးခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများ၏ဒီဇိုင်းနှင့်စံချိန်စံညွှန်းအတိုင်း ပြုလုပ်ရာတွင် နည်းပညာပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်မှု လိုအပ်ချက်များရှိခြင်း၊ အကာအကွယ်ပစ္စည်းများအသုံးပြုရာတွက် လုပ်ငန်းခွင်အချိန်ပြည့် လိုက်နာအသုံးပြုမှုအားနည်းချက်ရှိခြင်း၊ နည်းပညာပိုင်းဆိုင်ရာနားလည်သဘောပေါက်လိုက်နာဆောင်ရွက်လာရန် ပိုမိုစည်းရုံးရခြင်းအခက်အခဲများရှိပါသည်။ကျေးရွာလမ်းပြုပြင်ခြင်း(ကျောက်ချောလမ်းခင်းခြင်းနှင့် သဲဖြုန်းလမ်းခင်းခြင်း)လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း လမ်းကြိတ်စက်ငှားရမ်းရာတွင် ယန္တရားနည်းပါးသည့်အခက်အခဲကြောင့် အကောင်အထည်ဖော်ရေးအစီအစဉ်ပြန်လည်ပြုပြင်ရေးဆွဲဆောင်ရွက်ရသည့်အခက်အခဲများ ကြုံတွေ့ရပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်လက်ရှိအခြေအနေတွင် ကျေးရွာလူထုများယာယီရွှေ့ပြောင်းသွားလာမှုများရှိနေခြင်းကြောင့် စီမံကိန်းစက်ဝန်းစီမံခန့်ခွဲမှုသင်တန်းပေးရာတွင် ကော်မတီဝင်များအားလုံး စုံညီစွာတက်ရောက်နိုင်မှုအားနည်းနေသည့် အခက်အခဲရှိပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်သည့်အချိန်သည် မိုးရာသီဖြစ်သောကြောင့် လမ်း၊တံတားစသည့် လုပ်ငန်းခွဲများလုပ်ဆောင်နိုင်ရန် ခက်ခဲပါသည်။လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် လုပ်ငန်းခွဲများအကောင်အထည်ဖော်ရန် နှောင့်နှေးနိုင်ပါသည်။

**ပူတာအိုမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်သည့်အချိန်သည် မိုးရာသီ ဖြစ်သောကြောင့် လမ်း၊ တံတား စသည့်လုပ်ငန်းခွဲများ လုပ်ဆောင်နိုင်ရန်ခက်ခဲပါသည်။ ပူတာအိုမြို့နယ်သည် မိုးများသောဒေသဖြစ်သောကြောင့် အကောင်အထည်ဖော်သောလုပ်ငန်းခွဲများ နှောင့်နှေးမည့် အခက်အခဲများလည်း ရှိပါသည်။

**ရွှေကူမြို့နယ်**

ယခင်သုံးလပတ်သည် စီမံကိန်းစတင်ဆောင်ရွက်သောကာလဖြစ်သောကြောင့် ၇.၁၂.၂၀၁၈ ရက်နေ့ထိ စီမံကိန်း လုပ်ငန်းခွဲဆောင်ရွက်ရန် မိုးရာသီကာလဖြစ် သောကြောင့် ကျေးရွာများသို့ ဆိုင်ကယ်ဖြင့်သွားလာရာတွင်အချိန် နှောင့်နှေးကြန့်ကြာခြင်းများနှင့် ကျေးရွာလူထု စိုက်ပျိုးရေးအချိန်အခါ ဖြစ်သောကြောင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန် လုံလောက်စွာ အချိန်မပေးနိုင်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်များစွာ အချိန်နှောင့်နှေးမှုများရှိခဲ့ပါသည်။

(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ

**ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ Head Officer (2) လိုအပ်လျက် ရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

လက်ထောက်နည်းပညာမှူး(၂)ဦး နှင့် လူထုစည်းရုံးရေးမှူး (၁) လစ်လပ်နေသော ကြောင့် ခန့်အပ်ရေးများကို နေပြည်တော် (ရုံးချုပ်)သို့ တင်ပြထားပြီးဖြစ်ပါသည်။

**ပန်းတောင်းမြို့နယ်**

Monthly Work Plan, Weekly Work Plan များ ရေးဆွဲထားပါသော်လည်း Plan အတိုင်းဆောင် ရွက်နိုင်မှုအားနည်းပါသည်။

**ထန်းတပင်**

လက်ထောက်နည်းပညာမှူး(၁၀)ဦး နုတ်ထွက်သွားခဲ့ပြီး ဖြစ်ပါသည်။ ယခုအစီရင်ခံချိန် အထိ(၃)ဦးအားပြန်လည်အစားထိုးခန့်အပ်ပြီးဖြစ်ရာ(၇)ဦးအတွက် လစ်လပ်လျှက် ရှိပါသည်။ လူထုစည်းရုံးမှူး(၃၀)ဦးရှိသည့်အနက်ယခုအစီရင်ခံသောကာလအတွင်းတွင်(၁)ဦး နုတ်ထွက် သွားခဲ့ပြီး ဖြစ်ရာ စုစုပေါင်း လစ်လပ်နေရာ(၁၅)ခု လက်ထောက်နည်းပညာမှူး (၇)ဦးနှင့် လူထုစည်းရုံးမှူး(၈)ဦးအတွက် ပြန်လည်ခန့်ထားပေးရန် ဦးစီးဌာနရုံးချုပ်မှ စီမံကိန်း မန်နေဂျာနှင့် ဝယ်ယူရေးအဖွဲ့သို့ယခင်သုံးလပတ်အစီရင်ခံစာတွင် အကြောင်းကြားတောင်းခံခဲ့ ပါသော်လည်း စီမံကိန်းစက်ဝန်းပြီးစီး တော့မည်ဖြစ်သောကြောင့် ထပ်မံခန့်အပ်ပေးမည် မဟုတ်ကြောင်း သိရှိခဲ့ရပါသည်။

**ကော့မှူးမြို့နယ်**

DRD မှ Infrastructure Engineer နှင့် Procurement Counterpart ရာထူးအတွက် ဝန်ထမ်းများ လစ်လပ်လျှက် ရှိနေဆဲဖြစ်ပါသည်။

**ကျောက်တန်း**

ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် Finance Counterpart (၁)ဦး လိုအပ်လျက် ရှိပါသည်။ M&E, MIS Counterpart ကို appointment လုပ်ထား သော်လည်း တာဝန်များကို ထမ်းဆောင်ခြင်းမရှိပါ။ ရန်ကုန်တိုင်းကျေးလက်ရုံးသို့လည်း တင်ပြပြီး လစ်လပ်နေရာကို အစားထိုး ဝင်ရောက်မည့်သူကိုလည်း တောင်းခံထားသော်လည်း ယနေ့ အချိန်အထိ အစားထိုးခန့်ထားခြင်း မရှိကြောင်းကို ပထမသုံးလပတ်အစီရင်ခံစာတွင် တင်ပြထားပြီးဖြစ်ပါသည်။ လစ်လပ်နေရာများကို ခန့်ထားပေးနိုင်ပါရန် ထပ်ဆင့်တင်ပြအပ် ပါသည်။

**ကွမ်းခြံကုန်း**

ကွမ်းခြံကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင်ဝန်ထမ်း နှုတ်ထွက်သွားသော ဦးသိန်းဉာဏ်ဇော် အစား ဦးနေမျိုးလင်းကို အစားထိုးခန့်အပ် နိုင်ခဲ့ပါသည်။

**ညောင်ဦးမြို့နယ်**

အချို့ CF/TF များသည် အလွဲပြောင်းဆောင်ရွက်ရန် သိရှိသော်လည်း လိုက်နာဆောင်ရွက်မှု အားနည်းခြင်းနှင့် အချို့ TTA အပြောင်းအလဲများခြင်း၊ အလွှဲအပြောင်း မှတ်တမ်းများ တိကျမှုမရှိခြင်း။

**ရမည်းသင်းမြို့နယ်**

နှုတ်ထွက်သွားသော ဦးဉာဏ်ဝင်းထက်TF အစား ဒေါ်ရွှေစင်ဦးကို အစားထိုးခန့်အပ်နိုင်ခဲ့ပါသည်။

**ပျော်ဘွယ်မြို့နယ်**

TF ဒေါ်ပြည့်ဖြိုးခိုင်သည် အလုပ်ပြောင်းရွှေ့လို၍ တင်ပြထားမှုအရ(NAG) အဖွဲ့အစည်းမှ အလုပ်နှုတ်ထွက်ခွင့်ပြုလိုက်ပါသည်။ အလုပ်မထွက်ခင် ၁၀ ရက် ကြိုတင်ပြီး TF အသစ် ခန့်ထားနိုင်ရေးအတွက် (Interview Process ) ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

**စေတုတ္တရာမြို့နယ်**

စေတုတ္တရာမြို့နယ်တွင် ဝန်ထမ်းဆိုင်ရာ အပြောင်းအလဲများ ရှိသော်လည်း အချိန်မီ အစားထိုးခန့်အပ် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အခက်အခဲမရှိပါ။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်တွင် ဝန်ထမ်းဆိုင်ရာ အပြောင်းအလဲများ ရှိသော်လည်း အချိန်မီ အစားထိုး ခန့်အပ်ဆောင်ရွက်နိုင်မှု အားနည်း ခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းများ ဆက်လက် အကောင်အထည် ဖော်နိုင်ရန် လက်ရှိကျန်ရှိနေသော ဝန်ထမ်းများနှင့် ပူးပေါင်း အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရပါသည်၊၊

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဘက်မှ ဝန်ထမ်း များသည် ဌာနတာဝန်များအပြင် လူထုဗဟိုပြု စီမံကိန်းပါ ပူးတွဲတာဝန် ထမ်းဆောင်ရသည့် အတွက် ကျေးရွာများ အထိ လက်တွေ့ကွင်းဆင်း ဆောင်ရွက်နိုင်မှု အားနည်းပါသည်။ လာမည့် တတိယစက်ဝန်းအတွင်း အမည်မပေါက်သေးသော ကျေးရွာအသစ်များ စီမံကိန်းတွင် ထပ်မံပါဝင် နိုင်သောကြောင့် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများ ထပ်မံ တိုးမြှင့် ခန့်ထားစေလိုပါသည်။

### ကြာအင်းဆိပ်ကြီးမြို့နယ်

နုတ်ထွက်သွားသော လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်း ပညာမှူးများ လစ်လပ်နေရာများတွင် အချိန်မီခန့်ထားနိုင်ခြင်းမရှိသဖြင့် လုပ်ငန်းများ အကောင်အထည်ဖေါ်ရာတွင် နှေးကွေးမှုရှိပါသည်။ ယခု အချိန်ခါသည် စတုတ္ထနှစ် စီမံကိန်းစက်ဝန်း စတင်နေပြီဖြစ်သောကြောင့် အလွန်အခက်အခဲရှိပါသည်။

### တပ်ကုန်းမြို့နယ်

တပ်ကုန်းမြို့နယ်သည်လူထုဗဟိုပြုစီမံကိန်း( စတုတ္ထနှစ် ) နောက်ဆုံးနှစ် ဖြစ်သည့်အတွက်စီမံကိန်း ဝန်ထမ်းများ(TTA,CF,TF)တို့မှာအလုပ်မှနုတ်ထွက်ကြပြီး အခြားလုပ်ငန်းများသို့ပြောင်းရွှေ့သွားကြသည့် အတွက်ကျန်ရှိနေသည့်ဝန်ထမ်းများဖြင့် ဆက်လက်ဆောင်ရွက်နေပါသည်။ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေး မြို့နယ်တွင် ဝန်ထမ်းဆိုင်ရာအခက်အခဲမရှိပါ။

### ချောင်းဆုံမြို့နယ်

အစီရင်ခံသည့်ကာလအတွင်း လက်ထောက်နည်းပညာမှူး(၁) နေရာအတွက် ပြည်ထောင်စု စီမံကိန်းရုံး၏ ဝန်ထမ်းခန့်ထားရေးလမ်းညွှန်ချက်နှင့်အညီ ဖြည့်စွပ်ခန့်ထားရန် ပြည်ထောင်စုသို့ တင်ပြပြီးဖြစ်ပါသည်။

### ပင်လည်ဘူးမြို့နယ်

ပင်လည်ဘူးမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ငန်းစတင်ချိန် နောက်ပိုင်းတွင် TF(၅)ဦး၊ CF(၃)ဦး ခန့်ထားခဲ့ပါသည်။ ဝန်ထမ်းအသစ် (၆)ဦးပါသဖြင့် ၎င်းတို့အား အခြားဝန်ထမ်း အဟောင်းများမှ တွဲဘက်တာဝန်ယူ ပံ့ပိုးပေးရပါသည်။TTA များမှလည်း ၎င်းတို့တာဝန်ကျကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စီမံကိန်းပုံစံများ ဖြည့်သွင်းမှုတို့တွင် စစ်ဆေးသင်ကြား ပေးရပါသည်။

### ဗန်းမောက်မြို့နယ်

ဗန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် နုတ်ထွက်သွားသော TF (၄)ဦးနှင့် CF (၁)ဦးအား ပြန်လည်ခန့်အပ်ခဲ့ပါသည်။

### မြောင်မြို့နယ်

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် Finance Officer ခန့်ထားမှုအတွက် ခန့်ထားမှုလုပ် ငန်းစဉ် ကာလကြာရှည်မှုကြောင့် ခန့်ထားခွင့်ပြုချိန်တွင် Finance Officer မှာ အခြားအဖွဲ့သို့ အလုပ်ဝင် ရောက်သွားသောကြောင့် ငွေစာရင်းပိုင်းများတွင် အခက်အခဲများ ရှိပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ချိန်တွင် ဝန်ထမ်းဆိုင်ရာ အခက်အခဲမရှိပါ။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ချိန်တွင် ဝန်ထမ်းဆိုင်ရာ အခက်အခဲမရှိပါ။

**မတူပီမြို့နယ်**

စီမံကိန်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် အားနည်းချက်များ ရှိခဲ့ပါသည်။

**တွန်းဇံမြို့နယ်**

လူထုစည်းရုံးရေးမှူး (၁၆)ဦး ခန့်ထားရာတွင် အမျိုးသား(၁၂)ဦးနှင့် အမျိုးသမီး(၄)ဦး ခန့်ထားနိုင်ပါသည်။ အမျိုးသမီးခန့်ထားမှု(၂၅%)ဖြစ်ပါသည်။ လက်ထောက်နည်းပညာမှူး (၉)ဦး ခန့်ထားရာတွင် အမျိုးသား(၆)ဦးနှင့် အမျိုးသမီး(၃)ဦး ခန့်ထားနိုင်ပါသည်။ အမျိုးသမီး ခန့်ထားမှု (၃၃%)ဖြစ်ပါသည်။

**လေးမျက်နှာမြို့နယ်**

လေးမျက်နှာမြို့နယ် အနေဖြင့် Phase out မြို့နယ်ဖြစ်သောကြောင့် ဝန်ထမ်းအင်အား နည်းပါးခြင်း အခက်အခဲရှိပါသည်။

**ကြံခင်းမြို့နယ်**

ကြံခင်းမြို့နယ်အနေဖြင့် နောက်ဆုံးနှစ်ဖြစ်သောကြောင့် ဝန်ထမ်းအပြောင်းအလဲ များခြင်းကြောင့် ဝန်ထမ်းခန့်အပ်ရန် အခက်အခဲများရှိပါသည်။ အထူးသဖြင့်အင်ဂျင်နီယာများ ခေါ်ရာတွင် လုပ်ငန်းနှင့်ကိုက်ညီသည့်ဝန်ထမ်းရရှိရန်ခက်ခဲခြင်း။

**ပလက်ဝမြို့နယ်**

ယခုသုံးလပတ်အတွင်း လစ်လပ်သော TF ဝန်ထမ်းများ(၁)ဦးရှိနေပြီး CF ဝန်ထမ်း(၄) ဦးမှာ အလုပ်မှ နုတ်ထွက်ခဲ့မှုရှိခဲ့ကာ လစ်လပ်လျှက်ရှိနေပါသည်။။ စတုတ္ထနှစ်စက်ဝန်း ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော CF/TF များကို ပြန်လည် အစားထိုး ခန့်အပ်နိုင်စေရန် ဆက်လက်တောင်းခံသွားရန် စီစဉ်နေပါသည်။

**ဒီးမော့ဆိုမြို့နယ်**

**ဒီးမော့ဆိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့်** CF/TF အပြောင်းအလဲ များလာပါသည်။ TTA Procurement Officer သည် စာချုပ်သက်တမ်း ကုန်ဆုံးသွားခြင်းကြောင့် DRD procurement counterpart အား CDD Projectတွင် အချိန်ပြည့် ဝန်ထမ်းအဖြစ် သီးသန့် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးထားသော်လည်း CDD Projectတွင် တာဝန်ယူဆောင်ရွက်မှု မရှိသလောက် တာဝန်ထမ်းဆောင်ရန် အားနည်းနေသေးပါသည်။ TTA (M&E/MIS officer/Communication and Social accountability & Griavence speciallist ) စုစုပေါင်း (၂) ဦးတို့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့တွင် ၄င်းတို့၏ စာချုပ်သက်တမ်း ကုန်ဆုံးမည် ဖြစ်ပါသည်။ ၄င်းတို့(၂)ဦးအား (၃)လသက်တမ်း ထပ်မံခန့်ထားပါရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ TTA (M&E/ MIS officer) အား ဦးစားပေးအနေဖြင့်စဉ်းစားပေးစေလိုကြောင်း တင်ပြပါသည်။

**ဖရူဆိုမြို့နယ်**

**ဖရူဆို**မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး အနေဖြင့် TTA Procurement Officer မရှိ သဖြင့် ဝယ်ယူရေးသင်တန်းကို တခြားမြို့နယ်မှ လာရောက် သင်တန်းပေးနေရခြင်း။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး အနေဖြင့် ဖားဆောင်း၊ ဘောလခဲနှင့် မယ်စဲ့မြို့နယ်သည် အလွန်ဝေးကွာသောကြောင့် စီမံကိန်းဝန် ထမ်းအမျိုးသမီးများအတွက် သွားလာရေးတွင်အနည်းဆုံး(၂)ဦး စီမံကိန်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်သွားရပါသည်။ ကျေးလက်တွဲဖက် ဝန်ထမ်းများသည် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်သည့်အခါ ပိုမိုအားဖြည့်စေလိုပါသည်။ အချို့သောတွဲဖက်ဝန်ထမ်းများသည် စိတ်ဝင်စား မှုအားနည်းသည်ကို တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ် နည်းပညာအကြံပေးအဖွဲ့သည် စာချုပ်သက်တမ်းအားဖြင့် တာဝန်ထမ်း ဆောင်ရသောကြောင့် စီမံကိန်း မပြီးဆုံးမီ အလုပ်မှ နားရသည့်အခါ စီမံ ကိန်းဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် စီမံကိန်းသဘော တရားနှင့် လုပ်ငန်းများကိုကျွမ်းကျင်စွာ သိရှိနားလည်လုပ်ဆောင်နိုင်မှသာ ပိုမိုအဆင်ပြေမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**တနသာင်္ရီမြို့နယ်**

တနသာင်္ရီမြို့နယ်အတွင်းအကောင်အထည်ဖော်ဆောင်ရက် နေသောလူထုဗ ဟိုပြုစီမံကိန်းတွင် လက်ထောက်နည်းပညာမှူးနှင့် လူထုစည်းရုံးရေးမှူးရာထူးများ၏အချို့နေရာများတွင် လစ်လပ်လျက်ရှိပါသည်။ အဆိုပါရာထူးများ၏နေရာများအားပြန်လည်ခန့်အပ်သည့် လုပ်ငန်းစဉ်များအနေဖြင့် အနည်းငယ် နောင့်နေးကြန့်ကြားမှုများရှိပါသည်။ထို့အပြင် တနသာင်္ရီမြို့နယ်အတွင်းရှိကျေးရွာများတွင် ကရင်လူမျိုးအများစုနေထိုင်ကြပါသည်။လက်ရှိခန့်အပ်ထားသောလက်ထောက်နည်းပညာမှူး နှင့် လူထုစည်းရုံး

ရေးမှုးများတွင် ကရင်လူမျိုး (၂) ဦးသာရှိသော်ကြောင့် ကရင်ကျေးရွာများတွင် ဘာသာစကား အခက်အခဲအဖြစ်ကြုံတွေ့နေရပါသည်။

**ပူတာအိုမြို့နယ်**

စီမံကိန်း အတွေ့အကြုံရှိသူ လူထုစည်းရုံးရေးမှုး(၁)ဦးနှင့် လက်ထောက်နည်းပညာမှုး(၁)ဦး စုစုပေါင်း (၂)ဦး ခန့်အပ်ရန်ကျန်ရှိနေသေးသည်။ နုတ်ထွက်သွားသောလက်ထောက်နည်းပညာမှုး (၁)ဦး နေရာတွင်လည်း အစားထိုးခန့်အပ်သွားမည် ဖြစ်သည်။

**ရွှေကူမြို့နယ်**

ယခုသုံးလပတ် (အောက်တိုဘာလ မှ ဒီဇင်ဘာလ) တွင် နည်းပညာအကြံပေးအဖွဲ့ ကျားမရေးရာတာဝန်ခံ အစားထိုးခန့်ထားနိုင်ရန် နှောင့်နှေး ကြန့်ကြာမှုကြောင့် အခက်အခဲဖြစ်ခဲ့ပါသည်။

(ဃ) **နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် ကျေးရွာအုပ်စု(၃၄)အုပ်စု၊ ကျေးရွာ(၁၃၇)ရွာရှိသည့်အနက် ကျေးရွာအုပ်စု(၂၈)အုပ်စု၊ ကျေးရွာ(၁၂၀)ရွာတွင်သာ စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ခွင့်ရရှိခြင်းဖြစ်ပြီး ကျန်ကျေးရွာအုပ်စု(၉)အုပ်စုရှိ ကျေးရွာ(၁၇)ရွာမှာ မြေယာကိစ္စများ၌ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်များမရခြင်းများကြောင့် စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရန် ကျန်ရှိနေရခြင်း ဖြစ်ပါသည်။

**ပျော်ဘွယ်မြို့နယ်**

စက်တင်ဘာလအတွင်း ပျော်ဘွယ်မြို့နယ်၊ ကုန်းသာအုပ်စု ၊ တောင်လည်ကျေးရွာတွင် ရမ်းကားမှုကြောင့် ဓါးခုတ်မှုများ ရှိခဲ့ပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်တွင် သမင်ကတုတ်ကျေးရွာ ၊ ပဲဇဝါကျေးရွာနှင့် မြင်းကွေ့ကျေးရွာတို့တွင် စီမံကိန်းဝန်ထမ်းများ ကွင်းဆင်း ဆောင်ရွက်ရာတွင် သစ်စခန်း ရှိသောကြောင့် ဆင်များ အန္တရာယ်နှင့်ကြုံတွေ့နိုင်ပြီး အသက် အန္တရာယ်စိုးရိမ်ရခြင်းများရှိနေခြင်းများရှိပါသည်။ ဤကဲ့သို့သော အခြေနေများကြုံတွေ့ရသော အခက်အခဲများကို ကြိုတင်အသိပေး အစီရင်ခံထားခြင်း ဖြစ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

KNU အုပ်ချုပ်မှု လက်အောက်ရှိ ခွာပေး အုပ်စု ၁ ခု မှာ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျန်အုပ်စု များအားလုံး အဆင်ပြေပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ရှမ်းရွာသစ်မြို့ရှိ ကျေးရွာအုပ်စု(၉)အုပ်စုတွင် (၃)အုပ်စုဖြစ်သော ရင်းပိုင်း၊ ရေတံ ခွန်နှင့် မဲလရောအုပ်စုများတွင် KNU အဖွဲ့မှ ကန့်သတ်ဧရိယာ အဖြစ်သတ်မှတ် ထားပါသောကြောင့် ကွင်းဆင်းဆောင်ရွက်ရန် မစတင်နိုင်သေးပါ။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကောလင်းနှင့် ပင်လည်ဘူးမြို့နယ် ထိစပ်ရာ နယ်မြေကျေးရွာ ဧရိယာများတွင် ဝန်ထမ်းတစ်ဦး(သို့) နှစ်ဦးထဲ ခရီးသွားလာရန် မသင့်တော်ကြောင်း တွေ့ရှိရပါသည်။

**မတူပီမြို့နယ်**

ဇွန်လ ဒုတိယပတ်မှ စတင်ပြီး မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုများ နေရာအနှံ့ ဖြစ်ပေါ်ခြင်း၊ ချောင်းကူးတံတားရေပါသွားခြင်းစသည်များကြောင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကျေးရွာအုပ်စု (၂၄)အုပ်စု၊ ကျေးရွာပေါင်း (၅၁)တို့တွင် ပြတ်တောက် သွားခြင်း၊ ဝန်ထမ်း ကျား(၁၁)၊ မ (၄) စုစုပေါင်း (၁၅)ဦးမှာ တာဝန်ကျကျေးရွာများတွင် ပိတ်မိနေခြင်း ဖြစ်ခဲ့ရသည်။

**တွန်းဇံမြို့နယ်**

ဝန်ထမ်းများ ကွင်းဆင်းရာတွင် မိုးတွင်းကာလဖြစ်သည့်အတွက် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် အချို့ကျေးရွာများတွင် အမျိုးသမီးဝန်ထမ်းများ ကွင်းဆင်း ဆောင်ရွက်ရာ၌ ညအိပ်နေထိုင်ရန်အတွက် လုံခြုံမှု အားနည်းခြင်း။

**ပလက်ဝမြို့နယ်**

အထက်ကုလားတန်ကျေးရွာများထဲမှမြိတ်ဝ၊ပကာဝ၊ဒူရီတောင်၊မော်တလာ၊ ရွှေလိုက်ပွိ၊ အုန်းသီးဝ စသောကျေးရွာများမှ စစ်ဘေးရှောင်ရွာသားများအနေဖြင့် တတိတနှစ်စက်ဝန်း အတွင်း စီမံကိန်း လုပ်ငန်းခွဲ(၁၅) ခုကိုရပ်နားရန်တင်ပြခဲ့ရာ ခွင့်ပြုမိန့်ရရှိခဲ့ပါသည်။ စစ်ပွဲများ မကြာခဏ ကြိုကြား ကြိုကြားဖြစ်နေသောကြောင့်ခရီးသွားလာမှုအခက်အခဲမှုများရှိနေပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ် KNPPမှ ကန့်သတ်ထားသော နယ်မြေများဖြစ်သည့် ကျေးရွာအုပ်စု (၅)အုပ်စုတွင် စီမံကိန်းအကောင်အထည်ဖော်ရန် ရပ်နားထားရခြင်း။

**ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့ မြို့နယ်**

ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်များ၏ စီမံကိန်းဧရိယာသည် နယ်မြေ/လုံခြုံမှုဆိုင်ရာ အခက်အခဲများစွာရှိပါသည်။ လက်နက်ကိုင်အဖွဲ့ကအစည်းများမှ ကန့်သတ်ထားသော ကျေးရွာအုပ်စု/ ကျေးရွာများ များပြားနေခြင်း၊ အချို့သောဧရိယာများတွင် လက်ကျန်မိုင်းများရှိနေသေးခြင်း၊ ဒေသခံ ကျေးရွာလူထုများမှ အပြည့်အဝ ယုံကြည်မှုမရှိသေးခြင်းတို့ ကြုံတွေ့ရပါသည်။

လက်ရှိတွင်လည်း မော်ချီးဒေသ ကျေးရွာအုပ်စု(၅)အုပ်စုဖြစ်သော ကွာခီးအုပ်စု၊ ကော်သူဒိုးအုပ်စု၊ ကရယ်ခီးအုပ်စု၊ မိုဆာခီးအုပ်စုနှင့် ဗဟန်းလော့အုပ်စုကျေးရွာများ သို့သွားရောက်ခွင့်မပြုပါ။ လက်ရှိအချိန်ထိ ကော်သူဒိုးအုပ်စုတွင် ညောင်သာယာကျေးရွာတစ်ရွာသာ သွားရောက်ခွင့်ပြုပါသည်။

**တနသ်ာရီမြို့နယ်**

တနသ်ာရီမြို့နယ်တွင် KNU မှ ထိန်းချုပ်ထားသောကျေးရွာများနှင့် ကျေးရွာအုပ်စု တစ်စုရှိနေသော်လည်းလုံခြုံရေးရာအနေဖြင့် စိုးရိမ်စရာမရှိပါ။ စီမံကိန်း ဝန်ထမ်းများ သွားရောက်ရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ စိတ်အားထက်သန်စွာ ကူညီပေသည့် အတွက် အခက်အခဲ မရှိခဲ့ပါ။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်သည် နယ်မြေမတည်ငြိမ်မှုကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရေးဆွဲ ထားသည့်Work Planအတိုင်းအချိန်မီမဆောင်ရွက်နိုင်ခြင်း၊ နယ်မြေတည်ငြိမ်မှုပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်နေရခြင်းစသည့် အခက်အခဲများရင်ဆိုင်နေရပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင်မိုးရာသီကာလ၌ ဝေးလံသောကျေးရွာများသို့ သွားလာရေးခက်ခဲသော ကြောင့် အစည်းအဝေးကျင်းပရာတွင် အချိန်ယူရပါသည်။ တုံကွာအုပ်စုသည် လုံခြုံရေးဆိုင်ရာ ခက်ခဲသော အုပ်စုဖြစ်ရာ ဌာနဆိုင်ရာများ၊ အာဏာပိုင်များနှင့်ချိတ်ဆက်၍ ပထမနှင့်ဒုတိယ အကြိမ် ကျေးရွာအစည်းအဝေးအား ပြုလုပ်နိုင်ရန်စီစဉ်ဆောင်ရွက်ထားပါသည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ်တွင်လုံခြုံရေးအခက်အခဲရှိသော ကျေးရွာ ၄ ရွာ (လဘန်က ထောင်၊ နန့်ဟိုင်၊ စေတုံ၊ ဆောင်းခါ) အပြင် မိုးကောင်းတနိုင်း ကားလမ်းနှင့်နီးသော ကျေးရွာများ

(ဆီးဒင်ယံ၊ ကချင်နမ်နွမ်၊ မရမ်ကထောင်) စသည် ကျေးရွာများတွင်လည်း တစ်ခါတစ်ရံ လုံခြုံရေး အခက်အခဲများကြောင့် ယင်းကျေးရွာများသို့သွားရောက် ရန်ခွင့် မပြု၍ လုပ်ငန်း လုပ်ဆောင်ရာတွင် အခက်အခဲများရှိခဲ့သော်လည်း ယခုသုံးလပတ်တွင် ၎င်းကျေးရွာများ၌ နယ်မြေတည်ငြိမ်အေးချမ်းလျှက်ရှိပါသည်။

**ပူတာအိုမြို့နယ်**

မိုးတွင်းကာလတွင် ဝေးလံသောကျေးရွာများသို့ သွားလာရေးခက်ခဲသောကြောင့် အချိန်တော်တော်ကြာယူ၍ အစည်းအဝေးကျင်းပရသည်။ ဆွမ်ပီယမ်အုပ်စု နှင့် လုံရှာယန်အုပ်စု သည် လုံခြုံရေးဆိုင်ရာ အခက်အခဲရှိသော အုပ်စုများဖြစ်သည်။ သို့သော်ဌာနဆိုင်ရာ အာဏာပိုင်များနှင့် ချိတ်ဆက်၍ ပထမနှင့်ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို အောင်မြင်စွာကျင်းပ နိုင်ခဲ့သည်။

**ရွှေကူမြို့နယ်**

ယခုသုံးလပတ် (အောက်တိုဘာလ မှ ဒီဇင်ဘာလ) တွင် နယ်မြေ/လုံခြုံမှုဆိုင်ရာ အခက်အခဲမရှိဘဲ အေးချမ်း တည်ငြိမ် လျှက်ရှိပါသည်။

**(င) နည်းပညာပံ့ပိုးမှုအခက်အခဲ စသဖြင့် မိမိတို့ မြို့နယ်တွင် ကြုံတွေ့နေရသော အခက်အခဲများအား ဖော်ပြပေးရန်။**

**ကျောက်ကြီးမြို့နယ်**

ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများလုပ်ဆောင်နေချိန်တွင် လုပ်ငန်းခွင်သုံးအကာအကွယ်ပစ္စည်းများအသုံးပြုမှုအားနည်းနေသေးသည့်အတွက် တာဝန်ကျစည်းရုံးရေးမှူးများမှ အသုံးပြုရန်ပုံမှန်တိုက်တွန်းပေးနေရခြင်း။ အချို့သောကျေးရွာများတွင် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေကောက်ခံမှု အားနည်းနေသေးခြင်း။

**ရမည်းသင်းမြို့နယ်**

မြို့နယ် Infra မှ စီမံကိန်းလုပ်ငန်းစဉ် တစ်လျှောက်လုံး TF များနှင့် အတူ (Design / Estimate) ကြီးကြပ်ဆောင်ရွက်စေချင်ပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်တွင် လက်ထောက်နည်းပညာမှူးများသည် Civil Engineer များသာဖြစ်သည့်အတွက် ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေး လုပ်ငန်းများစသည့် လုပ်ငန်းများတွင် နည်းပညာပိုင်းအခက်အခဲများရှိခြင်း (ဥပမာ- ရေတွင်းများတူးဖော်သည့် အခါတွင် မည်သည့်နေရာ၊ မည်သည့် အနက်ပေတွင် ရေရနိုင် မည့်နည်းပညာများ အချိန်မှီရရှိနိုင်မှု၊ ကျေးလက်

မီးလင်းရေး လုပ်ငန်းများတွင် စနစ်တကျတပ်ဆင်သွယ်တန်းနိုင်မှု၊ တွက်ချက်နိုင်မှု အခက်အခဲ) များရှိခြင်းတို့ကြောင့် နည်းပညာ ပံ့ပိုးသော သင်တန်းများ လိုအပ်နေသည့်အပြင် အခြားသော Engineer များကိုလည်း အချိန်ကျခန့်ထား ပေးစေလိုကြောင်းနှင့် တတိယနှစ် စက်ဝန်းအတွက် ဝန်ထမ်းများအတွက် အခြားစွမ်းဆောင် ရည်မြှင့်တင်ရေး သင်တန်းများ လိုအပ်သောကြောင့် ခွင့်ပြုပေးနိုင် ပါရန်တင်ပြအပ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

အသစ်ခန့်အပ်သည့် လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံ နည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှု သင်တန်းများ လိုအပ်ပါသည်။ CFs(၃၉) ယောက်နှင့် TFs(၂၁) ယောက်အတွက် ToF-1 training ကိုလည်း (၃) ရက် (၁၀.၉.၂၀၁၈ မှ ၁၂.၉.၂၀၁၈) ထိ ပေးခဲ့ပြီးဖြစ်ပါသည်။

**တပ်ကုန်းမြို့နယ်**

တပ်ကုန်းမြို့နယ်နှင့်လယ်ဝေးမြို့နယ်တွင်အခက်အခဲမရှိသော်လည်းပျဉ်းမနားမြို့နယ်တွင် ကျီးဖြူရိုးကျေးရွာအုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းခွဲနှင့်အလယ်ရွာ+သဲကျွန်းရွာကြား ရွာခြင်းဆက်တံတား တည်ဆောက်ရေးလုပ်ငန်းခွဲများမှာသက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် တုန့်ပြန်ဆောင်ရွက်မှုအချိန် ကြန့်ကြာမှုများ ရှိနေခဲ့ပါသည်။ ထိုသို့သောအခက်အခဲများကြောင့် လည်းကောင်းလုပ်ငန်းခွဲများကို ယခုဒုတိယနှစ်စီမံကိန်းနှစ်တွင်ပိတ်သိမ်းပြီးတတိယနှစ်စီမံကိန်းနှစ်တွင်သာ ဆက်လက်အကောင်အထည်ဖော်ရန် ကျေးရွာကော်မတီဝင်များမှမြို့နယ်စီမံကိန်းရုံးသို့တင်ပြလာပါသည်။ ထိုမှတဆင့် မြို့နယ်အဆင့်မှကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီးကျေးရွာကော်မတီဝင်များ၏ တင်ပြချက်များနှင့် ကိုက်ညီမှုများရှိသောကြောင့် သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြခဲ့ကြပါသည်။ ထို့ကြောင့် (၂၀.၉.၂၀၁၈)ရက်နေ့နှင့် (၂၄.၉.၂၀၁၈)ရက်နေ့တွင် အဆိုပါလုပ်ငန်းခွဲ(၂)ခုအား နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးချုပ်မှပိတ်သိမ်းခွင့်ပြုမိန့်ကျရောက်ခဲ့ပြီး ၎င်းလုပ်ငန်းခွဲ(၂)ခုအား တတိယနှစ်စီမံ ကိန်းနှစ်တွင်သာဆက်လက်အကောင် အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဇီးဖြူပင်အုပ်စုမှ (ပထမနှစ်စီမံကိန်းနှစ်တွင်) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ရွာတွင်းလျှပ်စစ်မီးလင်းရေးလုပ်ငန်းခွဲမှာလည်း သက်ဆိုင်ရာဌာနနှင့် စီမံကိန်း၏ညွှန်ကြားချက်ကိုကျေးရွာမီးကော်မတီဝင်များမှလိုက်နာဆောင်ရွက်မှုအားနည်းခြင်းကြောင့် ယခုဒုတိယနှစ်စီမံကိန်းနှစ်အထိစီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော် ဆောင်ရွက်ရတွင်အခက်အခဲပြဿနာများကြုံတွေ့ခဲ့ရပါသည်။ သို့သော်အဆိုပါမီးလင်းရေးလုပ်ငန်းခွဲများကို မြို့နယ် နည်းပညာအကြံပေးအဖွဲ့နှင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခုတတိယနှစ်တွင်ရွာတွင်းမီးလင်း အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

**ချောင်းဆုံမြို့နယ်**

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရုံးနှင့် ပြည်နယ်စီမံကိန်းရုံးတို့မှ ကွင်းဆင်း စစ်ဆေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ပေးနိုင်ခဲ့၍ နည်းပညာပံ့ပိုးမှု အခက်အခဲမရှိပါ။

စီမံကိန်းဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်ပါက ပြည်ထောင်စုနှင့် ပြည်နယ် စီမံကိန်း ရုံးသို့ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါသည်။

**ပင်လည်ဘူးမြို့နယ်**

ပင်လည်ဘူးမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် ကျေးရွာကော်မတီဝင်များ အနေဖြင့် နှစ်စဉ်အပြောင်းအလဲများ ရှိသောကြောင့် ဝယ်ယူရေးလုပ်ငန်းလုပ်ငန်းစဉ်များ ငွေစာရင်းလုပ်ထုံးလုပ်နည်းများတွင် အားနည်းပါသည်။ သက်ဆိုင်ရာ TTA များမှ ကိုယ်တိုင် ကွင်းဆင်းသင်တန်းပေးရန် စီစဉ်ထားပါသည်။

**ဗန်းမောက်မြို့နယ်**

ဗန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် လက်ထောက်နည်းပညာမှူးများသည် ကျေးရွာနှင့် လိုက်လျောညီထွေသော အင်ဂျင်နီယာဆိုင်ရာ နည်းပညာဆိုင်ရာဗဟုသုတများ လက်လှမ်းမှီရန် တိုင်းဒေသ ကြီး၏ Regional Infra Specialist မှ ဆက်လက်၍ နည်းပညာများ အနီးကပ် ပံ့ပိုးပေးစေလိုပါသည်။ ထို့အပြင် လည်ပတ်ထိန်းသိမ်းရေးသင်တန်းကို Regional Infra Specialist ဦးဆောင်ကြီးကြပ်၍ ဆောင်ရွက်ပေးစေလိုပါသည်။

**မတူပီမြို့နယ်**

ကျေးရွာများမှ ရွေးချယ်တင်ပြလာသည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် အသေးစား ရေအားလျှပ်စစ်လုပ်ငန်းခွဲများအတွက် တွက်ချက်ရာတွင် ကျွမ်းကျင်မှုအခက်အခဲ ကြုံတွေ့ နေရပါသည်။ မြို့နယ် DRD အင်ဂျင်နီယာ၊ Region Infra အပိုင်းနှင့် မြို့နယ်နည်းပညာအဖွဲ့ ချိတ်ဆက်ရာတွင် နည်းပညာကျွမ်းကျင်မှုပိုင်း အားနည်းခြင်းကြောင့် လက်တွေ့အကောင် အထည်ဖော်ရာတွင် အခက်အခဲကြုံတွေ့ရပါသည်။

နည်းပညာအသုံးအနှုန်းများအား ကျေးရွာမှ နားမလည်ခြင်း၊ ကျေးရွာလူထု နားလည်သဘော ပေါက်သော အသုံးအနှုန်းများဖြင့် ရှင်းပြရန်ခက်ခဲခြင်း၊ ဈေးကွက်တွင် ဝယ်ယူ ရရှိနိုင်သည့် အချိန်အတွယ်နှင့် ခန့်မှန်းတွက်ချက်မှုတွင် ဖော်ပြထားသော အချိန်အတွယ် (Unit)များ မတူညီခြင်းကြောင့် ကျေးရွာဝယ်ယူရေး လုပ်ငန်းများ နှောင့်နေးကျန့်ကြာခြင်း၊ လွဲမှားခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။

**တွန်းဇံမြို့နယ်**

လက်တောက်နည်းပညာမှုုးများမှာ ကျောင်းပြီးစ အတွေ့အကြုံနည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှု သင်တန်းများ လိုအပ်ပါသည်။ (ဥပမာ- Auto Cad Training)

**သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်အနေဖြင့် တိုင်းဒေသကြီး စီမံကိန်းဝန်ထမ်းများနှင့် ပူးပေါင်း ဆောင်ရွက်နေပါသဖြင့် ထူးထူးခြားခြား အခက်အခဲမရှိပါ။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် စီမံကိန်းစက်ဝန်းရှိ အဆင့်များ အချိန်မီပြီးစီးနိုင်ရန် အားထုတ်နေရသဖြင့် ကွင်းဆင်း ဝန်ထမ်းများအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့် သင်တန်းများ ပိုမိုပို့ချပေးရန် အချိန်ရရှိမှု အားနည်းခြင်း။

**အမ်းမြို့နယ်**

ကျေးရွာအုပ်စု (၂၉) အုပ်စုတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း(၁၆၁) ခုအတွက် Drawing, Estimate များကို Regional Infra မှအင်ဂျင်နီယာများကကူညီတွက်ချက်ပေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင်လည်း လိုအပ်သော ကွင်းဆင်းစစ်ဆေး မှုများကို လုပ်ဆောင်ပေးခဲ့ကြပါသည်။ ထို့အပြင် Regional Infraမှ စီမံကိန်း လုပ်ငန်း ခွဲများအား လာရောက်ကြီးကြပ်မှုအားနည်းခဲ့သည် ။

**ပလက်ဝမြို့နယ်**

ကျေးရွာအုပ်စု (၉၆) အုပ်စုတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း(၂၆၃) ခု အတွက် Drawing, Estimate များကို Regional Infra မှ အင်ဂျင်နီယာများကကူညီတွက်ချက်ပေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရာတွင်လည်း လိုအပ်သော ကွင်းဆင်း စစ်ဆေးမှုများကို လုပ်ဆောင်ပေးခဲ့ကြပါသည်။

DRD Counterparts အနေဖြင့် M&E/MIS နှင့် CSAG တို့ ဒီဇင်ဘာလကုန် တွင်တာဝန် များမလွှဲပြောင်းမီ အချိန်အတွင်း သက်ဆိုင်ရာကဏ္ဍ အလိုက်နည်း ပညာလွှဲပြောင်း ပေးနိုင်ရေး အတွက်ပြင်ဆင်မှုများပြုလုပ်ရာတွင် သက်ဆိုင်ရာ Counterpart TTA များအနေဖြင့်ပိုမိုပူး တွဲချိတ်ဆက် လုပ်ဆောင်ပေးနိုင်ရန် လိုပါသည်။

**ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်ရုံးအနေဖြင့် နည်းပညာစည်းရုံးရေးမှုုးများလည်း အတွေ့အကြုံအပေါ်အခြေခံပြီး တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။ အချို့ ဝန်ထမ်းတွင်သာ လိုအပ်နေသေးသည်ကို တွေ့ရှိရပါကြောင်း တင်ပြအပ်ပါသည်။

**တနသ်ာရီမြို့နယ်**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီးစီမံကိန်းရုံးတို့မှ ကွင်းဆင်းစစ်ဆေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်ပေးနိုင်ခဲ့၍ နည်းပညာပံ့ပိုးမှု အခက်အခဲမရှိပါ။

စီမံကိန်းဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်ပါက ပြည်ဆောင်စုနှင့် တိုင်းဒေသကြီး စီမံကိန်းရုံးသို့ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါသည်။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်တွင် (TA)များပံ့ပိုးမှုမရှိသဖြင့် PC Form ဖြည့်သွင်းရာတွင် အခက်အခဲ အနည်းငယ်ရှိပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် ကျေးရွာအုပ်စု(၁၃)အုပ်စု၊ ကျေးရွာပေါင်း(၃၂၂)ရှိပါသည်။ကျေးရွာအုပ်စုအရွယ်အစားအလိုက် အုပ်စုတစ်စုတွင် အနည်းဆုံး(၈)ရွာမှ အများဆုံး(၅၀)ရွာထိ ရှိပြီး ကျေးရွာအရေအတွက်များသော ကျေးရွာအုပ်စုတွင် ကျေးရွာအုပ်စုအစည်းအဝေးများပြုလုပ်ခြင်းနှင့် ကျေးရွာအုပ်စုဘဏ္ဍာရေးအစီရင်ခံစာများပြုစုခြင်း၊ ကျေးရွာအုပ်စုအဆင့်ဝေဖန်အကြံပြုတိုင်ကြားရေးစနစ်များကို ကျေးရွာအုပ်စုအဆင့်ကော်မတီမှ ဖြေရှင်းခြင်းတို့တွင် အချိန်ပိုပေးရသည့်အခက်အခဲအနည်းငယ်ရှိပါသည်။

**၁၄။ နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ**

**မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် ၆၁ မြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စုအဆင့်သို့လည်း တင်ပြရန်

(ခ) Labour report အား M&E focal နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီး သို့တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် CSAG နှင့် DRD မှ ဦးစီးဆောင်ရွက်ရန်

(ဃ) CF များအားလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များအား political role အဖြစ်ပြောင်းရန်

(စ) ကျေးရွာလူထုစစ်ဆေးပွဲ မှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက်များကို ဝေမျှရန်

**ပြည်နယ်တိုင်းအဆင့်**

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကြွယ်ဝ လာရေး ဆောင်ရွက်ရန်

(ဂ) စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာဆောင်ရွက်ခဲ့သော ဖြစ်ရပ်များအားရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေးခရီးစဉ်များအား မြို့နယ်အဆင့် TA/DRD များနှင့် ပူးပေါင်းပြီး မပြတ်သွားလာဆောင်ရွက်ရုံသာမက ပြည်ထောင်စု အဆင့်သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) NCDDP ၏ ကျားမရေးရာ stragies ပြင်ဆင်ထားသည့် ပုံစံများ ကို WB အပါအဝင် CDD ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် အတူ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးတင်ပြရန်

(ခ) ကျားမရေး သုံးလပတ်အစည်းအဝေးတွင် ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများအား ဆွေးနွေးတင်ပြရန်

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေးစီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့် ကြီးကြပ်ရေးညွှန်းကိန်းများအား မျှဝေ တင်ပြရန် မြို့နယ်အသစ်များအတွက် ကျားမရေးရာသင်တန်းအား DSW နှင့် ပူးပေါင်းပို့ချမည်။

(ဃ) မြို့နယ်အသစ် ၆ မြို့နယ်အတွက် လုပ်ငန်းခွင်သင်တန်းအား ကျားမရေးရာအပိုင်းအား ဆွေးနွေးတင်ပြရန်

(င) ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်စုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးအား ကျင်းပြုလုပ်မည်။

**ဝန်ထမ်းများဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား ဒီဇင်ဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။

(ခ) ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။ ဩဂုတ်လ တွင် ISM 16 ပြုလုပ်ခဲ့ပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

- ISM 17 ကို ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲ ပြုလုပ် မည်ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား အောက်တိုဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲမှ ရရှိထားသော ဆွေးနွေးမှုရလက်များအား သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးမှုများ ပြုလုပ်မည်။
- ပြင်ဆင်ရန် လိုအပ်သည့် ပုံစံများအလိုက် ပြုပြင်မှုများပြုလုပ်မည်။

**၁၅။ စီမံကိန်း လုပ်ငန်း အတွက် နောင်လာမည့် ၆ လအတွင်း ပြည်နယ်/ တိုင်းဒေသကြီး (သို့) ပြည်ထောင်စုအဆင့်မှစီမံကိန်းမြို့နယ်များအပေါ် လိုအပ်သော ကူညီပံ့ပိုးမှုပေးစေလိုသည့် အကြောင်းအရာများ-**

**ပဲခူးတိုင်းဒေသကြီး**

ပြည်ထောင်စုအဆင့်မှ ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ပံ့ပိုးကူညီပြီး လိုအပ်သည့်အကြံဉာဏ်များအား ပေးစေလိုပါသည်။

**မိုးညိုမြို့နယ်**

ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်း အနေဖြင့် မိုးညိုမြို့နယ် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား အကူအညီအကြံပေးကာ လုပ်ငန်းခွဲများ အချိန်နှင့်တပြေးညီ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းစီမံကိန်းတာဝန်ခံအင်/ယာတစ်ဦးအား ပုံမှန်စေလွှတ်ထားသဖြင့် ယခုတတိယနှစ်စက်ဝန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုအဆင့်အနေဖြင့်လည်း စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်နေစဉ်ကာလအတွင်း အခါအားလျော်စွာ လာရောက်ကြည့်ရှုစစ်ဆေးကာ အနီးကပ်လမ်းညွှန်မှုများ ပေးစေလိုပါသည်။

**ကျောက်ကြီးမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ယခုသုံးစွဲနေသော ဖိုင်စင်များမလုံလောက်ပါသဖြင့် shelfbook caseများထပ်မံပံ့ပိုးပေးစေချင်ပါသည်။ စတုတ္ထနှစ်စက်ဝန်းအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းခွဲများ အရည်အသွေးရှိစွာဖြင့် အချိန်မှီပြီးနိုင်

ရန်အတွက် လစ်လပ်လျှက်ရှိသော လက်ထောက် နည်းပညာမှူး (၂) နှင့် လူထုစည်းရုံးရေးမှူး (၁) ဦးတို့အားအချိန်မှီအစားထိုးခန့်အပ်ပေးစေချင်ပါသည်။

**ပန်းတောင်းမြို့နယ်**

ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

**ကော့မှူးမြို့နယ်**

ကော့မှူးမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် တတိယနှစ် စီမံကိန်းစက်ဝန်းအား အကောင် အထည်ဖော်ဆောင်ရွက်ရာ တွင်လစ်လပ်နေသည့် DRD မှ Infrastructure Engineer နှင့် Procurement Counterpart ရာထူးအတွက် အမြန်ဆုံး ခန့်ထား ပေးနိုင်ပါရန် တင်ပြ တောင်းခံ အပ်ပါသည်။ တတိယနှစ်စီမံကိန်းစက်ဝန်း စတင်ဆောင်ရွက်နေပြီဖြစ်သည့် အတွက် PC form များ upload လုပ်ရာတွင်အဆင်ပြေရန်အတွက် ပြင်ဆင်ရန်ရှိသည့် Tablets အမြန်ဆုံးပြန်လည် ပြင်ဆင် ပေးပါရန် တင်ပြတောင်းခံအပ်ပါသည်။

**ကျောက်တန်းမြို့နယ်**

လစ်လပ်နေသာ DRD မှ Counterpart ဝန်ထမ်းနေရာများအား သက်ဆိုင်ရာ တိုင်းဒေသကြီး မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး အစားထိုးခန့်အပ်ပေးပါရန်၊ သက်ဆိုင်ရာ သင်တန်းများအား စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် မွမ်းမံသင်တန်းများ ပို့ချပေးပါရန်နှင့် ပြည်ထောင်စုအဆင့်မှ တာဝန်ရှိသူများအား မြို့နယ်များသို့ ကွင်းဆင်းပြီး လိုအပ်ချက်များအား ပြန်လည်တည့်မတ်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

CDD မှ အသုံးပြုနေသော Lap-Top ကွန်ပြူတာများမှာ Kaspersky Anti-Virus Software များထည့်သွင်းထားခြင်းမရှိသောကြောင့် အသုံးပြုရာတွင် နှောင့်နှေးခြင်းများ ဖြစ်ခြင်း၊ Hand သွားခြင်းများဖြစ်ခြင်း၊ လုပ်ငန်းများတွင်ကျယ်နိုင်ရန်အတွက် Kaspersky Anti-Virus Software ကို ထည့်သွင်းအသုံးပြုခွင့် Budget ချထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန် အကြံပြုတိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ မွန်းမံ သင်တန်းများ လုပ်ငန်းမစတင်မှီ ပြန်လည်ပြုလုပ်ပေးစေလိုပါသည်။ မြို့နယ်ရုံးများသို့ လာရောက်၍ အခက်အခဲများအတွက် ပုံမှန်ညှိနှိုင်းဆွေးနွေးမှုများ လာရောက်ဆောင်ရွက် စေလိုပါသည်။ မြို့နယ်တွင် ဖိုင်တွဲထားရှိမှုအခြေအနေများနှင့် အဆောက်အဦပိုင်း ဆိုင်ရာ များအတွက် ကွင်းဆင်းလေ့လာ ကြီးကြပ်မှုများ ပုံမှန်လာရောက် ဆောင်ရွက်စေလို ပါသည်။ စီမံကိန်းလက်စွဲစာအုပ် ပြင်ဆင်ရေးသား ခြင်းအား အချိန်မှီပေးပို့ပေးစေလိုပါသည်။ စီမံကိန်း ပစ္စည်းများပျက်သဖြင့် တင်ပြရာတွင် အမြန်ဆုံး ဖြေရှင်းနိုင်ရန်အတွက် ညွှန်ကြားမှုများ မြန်မြန် ပေးစေလိုပါသည်။ သို့မှသာလျှင် လုပ်ငန်းနှောင့်နှေးမှု မရှိမှာ ဖြစ်ပါသည်။

**ငါန်းဇွန်မြို့နယ်**

ဝန်ထမ်းများကို စွမ်းရည်ဖြည့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပံ့ပိုးပေးရန် လိုအပ်ပါသည်။စီမံကိန်းအခြားမြို့နယ်များသို့ ( Exchange Visit ) သွားရောက်ခွင့်ပြုပါရန်။

**ညောင်ဦးမြို့နယ်**

အရည်အသွေးကောင်းမွန်သော မိုးကာအင်္ကျီများ ထပ်မံပံ့ပိုးပေးစေချင်ပါသည်။ လိုအပ်သော စာရင်းဇယားများတောင်းခံရာတွင် အချိန်ပေးဆောင်ရွက်နိုင်ရန် အချိန်လိုအပ် ပါသည်။

ဝန်ထမ်းသစ် အပြောင်းအလဲများအတွက် ထောက်ပံ့ပေးနိုင်ရေး မိုးကာအင်ကျီ ၊ ကျောပိုးအိတ်များ ထောက်ပံ့ပေးစေချင်ပါသည်။

**ရမည်းသင်းမြို့နယ်**

စီမံကိန်း တတိယနှစ်စက်ဝန်းလုပ်ငန်းများ မစခင် Infra Guide Line များကို တိတိကျကျ ပေးစေ ချင်ပါသည်။

**နွားထိုးကြီးမြို့နယ်**

၂၀၁၈ခုနှစ်ဒုတိယသုံးလပတ်၊ တတိယသုံးလပတ်ကာလများတွင် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပို့ချပေးရန်

အခြားစီမံကိန်းမြို့နယ်များသို့လေ့လာရေးခရီးများ ဝန်ထမ်းနှင့်ကော်မတီဝင်များအတွက် စီစဉ်ပေးရန်

**မကွေးတိုင်းဒေသကြီး**

ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များအတွက် အင်္ကျီ၊ ဦးထုပ်၊ လက်ဆွဲအိတ် စသည့် စီမံကိန်းအထောက်အကူပစ္စည်းများကို ဖြည့်စည်းပေးစေလိုပါသည်။ စီမံကိန်းနှင့် ပတ်သက်သော သတင်းအချက်လက်များ၊ ပုံစံစာရွက်များကို စီမံကိန်းလုပ်ငန်းခွဲများ မစမီအချိန်မီ ပေးပို့စေလိုပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်မှ တင်ပြ ထားသည်မှာ TF များအား Auto Cad သင်တန်းများ ပံ့ပိုးပေးစေလိုကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်မှ တင်ပြထားသည်မှာ စီမံကိန်းလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအား ရှင်းလင်းစွာ ညွှန်ကြားပေးစေလိုကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများ မြို့နယ်သို့

လာရောက် လေ့လာပေးစေလိုကြောင်း၊ အမည် မပေါက်ကျေးရွာများနှင့် သစ်တော ဧရိယာအတွင်းမှ စီမံကိန်းများ မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို တိကျစွာ ညွှန်ကြားပေး စေလိုကြောင်း တင်ပြထားပါသည်။

**ထီးလင်းမြို့နယ်**

ထီးလင်းမြို့နယ်မှ တင်ပြထားသည်မှာ မီးလင်းရေးလုပ်ငန်း တွက်ချက်နည်းပညာ ပိုင်းဆိုင်ရာများ ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း တင်ပြထားပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ်မှ တင်ပြထားသည်မှာ လက်ထောက်နည်းပညာမှူးများအား ရေပေးရေး၊ မီးလင်းရေး သင်တန်းများပေးစေလိုခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော စီမံကိန်း လုပ်ငန်းများ အတွက် ရံပုံငွေအား အချိန်မှီ ပြန်လည်ချထားပေးစေလိုခြင်းနှင့် စီမံကိန်း တတိယနှစ်စက်ဝန်းတွင် ကျေးရွာမှ ကြိုးတံတားများတည်ဆောက်ရန် တောင်းဆိုထားသဖြင့် ပြည်ထောင်စုအဆင့်မှ နည်းပညာများ ပံ့ပိုးပေးစေလိုကြောင်း တင်ပြထားပါသည်။

**ပင်လည်ဘူးမြို့နယ်**

ပင်လည်ဘူးမြို့နယ် ၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စတုတ္ထနှစ်စီမံကိန်းစက်ဝန်း စတင်အကောင် အထည်ဖော်လျက်ရှိပြီး လုပ်ငန်းခွဲများအား အနီးကပ်ကြီးကြပ်နိုင်ရန် နည်းပညာအကြံပေး(Regional Infra) တစ်ဦးကို ပင်လည်ဘူးမြို့နယ်အတွက် သီးခြား တာဝန်ပေးအပ်ရန် လိုအပ်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဗန်းမောက်မြို့နယ်**

ဗန်းမောက်မြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် ပညာရေးဌာနသို့ လွှဲပြောင်းပွဲ၊ VDP Workshop များဆောင်ရွက်ရန် ရှိပါသည်။ အဆိုပါ လုပ်ငန်းများ အဆင်ပြေချောမွေ့ အောင်မြင်နိုင်ရန် အလို့ငှာ ပြည်ထောင်စုအဆင့် နှင့် တိုင်းဒေသကြီး အဆင့်များမှ လိုအပ်သော လမ်းညွှန်ချက်များ ပံ့ပိုးခြင်း၊ ကိုယ်တိုင် လာရောက် ကူညီ ပံပိုးခြင်းများ ဆောင်ရွက်ပေးစေလိုပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ငန်းများအတွက် နောင် (၆) လအတွင်း တိုင်းဒေသကြီးအဆင့်/ ပြည်ထောင်စုအဆင့်များမှ စီမံကိန်းအပေါ် လိုအပ်သော ကူညီပံ့ပိုးမှုပေးစေလိုသည့် အကြောင်းအရာများ မရှိပါ။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ငန်းများအတွက် နောင် (၆) လအတွင်း တိုင်းဒေသကြီးအဆင့်/ ပြည်ထောင်စုအဆင့်များမှ စီမံကိန်းအပေါ် လိုအပ်သော ကူညီပံ့ပိုးမှုပေးစေလိုသည့် အကြောင်းအရာများ မရှိပါ။

**တွန်းဇံမြို့နယ်**

၂၀၁၈ခုနှစ် CF (၅)ဦး၊ TF (၂)ဦးအတွက် Tablet (၇)လုံး ထပ်မံ လိုအပ်နေပါသည်။ မြို့နယ်အနေဖြင့် ကျေးရွာများသို့ အုပ်စုအစည်းအဝေးများ၊ နည်းပညာ အစည်း အဝေးများ၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် အစည်းအဝေးများ၊ စီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းကြီး ကြပ်ရာတွင် မှတ်တမ်းဓါတ်ပုံများ ယူရမည်ဖြစ်သည့်အတွက် မြို့နယ်တွင် Tablet မလုံ လောက်သောကြောင့် အချိန်မှီပံ့ပိုးပါရန် တင်ပြအပ်ပါသည်။ လက်ထောက်နည်း ပညာမှူးများအတွက် လိုအပ်သည့် နည်းပညာသင်တန်းများကိုလည်း အချိန်မီ သင်တန်း ပေးစေချင်ပါသည်။ လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာ Tool Box ကိုလည်း ပံ့ပိုးပေးစေချင်ပါသည်။ သတင်းပြန်ကြားဆက်သွယ်ရေးနှင့် ပတ်သက်သည့် ရုံးသုံး ဆိုင်ကယ်များ၊ ကျေးရွာဖိုင်များနှင့် ကြော်ငြာသင်ပုန်းများတွင် ထားရှိရမည့် စီမံကိန်း လိုဂို တံဆိပ်များ၊ လက်ဆွဲအိတ်များကိုလည်း ပံ့ပိုးပေးရန် တင်ပြအပ်ပါသည်။Union Grievance Team အနေဖြင့်လည်း ကျေးရွာအတွင်း ထားရှိရမည့် အကြံပြုစာတိုက်ပုံးများနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကို မြို့နယ်များသို့ ပေးပို့ပါရန် တင်ပြအပ်ပါသည်။ ကျီးခါးနှင့် ခွမ်းနွဲရုံးခွဲများတွင်လည်း ဝန်ထမ်းများအတွက် လိုအပ်သည့် ခေါက်စားပွဲ (၄)လုံးနှင့် ထိုင်ခုံ (၁၀)လုံးစီ ထားရှိပေးပါရန် တင်ပြအပ်ပါသည်။

**လေးမျက်နှာမြို့နယ်**

လေးမျက်နှာမြို့နယ်အနေဖြင့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးတို့မှ စီမံကိန်း လုပ်ငန်းခွဲများ ဆောင်ရွက်နေစဉ်အတွင်း လိုအပ်သော (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက်) အကူအညီများကို ကူညီပံ့ပိုး ပေးစေချင်ပါသည်။

**သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်အနေဖြင့်စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင် ပစ္စည်း ဖြစ်သော (Motorbike ,Tablet) များအားလုပ်ငန်းလိုအပ်မှုအရ အချိန်မီပြင်ဆင်ရန်နှင့် ထိရောက်သော လမ်းညွှန်မှုပေးရန် ရေလမ်းခရီးများပြားသဖြင့် စီမံကိန်းလုပ်ငန်းအတွက် လုပ်ငန်းသုံး စက်လှေ(boat)၁-စင်းနှင့် အစားထိုးခန့်အပ်ဝန်ထမ်းများအတွက် သက်ဆိုင်သည့် စွမ်းဆောင်ရည်မြင့်သင်တန်းများ ဖြည့်စွက်ပို့ချစေလိုခြင်း ၊ လစ်လပ် ဝန်ထမ်းများနေရာအား အလျင်အမြန် အစားထိုးခန့်အပ်စေခြင်း၊ လိုအပ်သော IEC အမျိုးအစားများကူညီပံ့ပိုးပေးစေလို ပါသည်။

## ငပုတောမြို့နယ်

ငပုတောမြို့နယ်အနေဖြင့် Regional Infra **တာဝန်ခံများ နှစ်ပါတ်တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် ပုံမှန်ကွင်းဆင်း ကြီးကြပ်ပေးစေလိုပါသည်။**

## ဓနုဖြူမြို့နယ်

ဓနုဖြူမြို့နယ်အနေဖြင့် ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးတို့မှ စီမံကိန်းအကြောင်းအရာများကို ပိုမိုသိရှိစေရန်အတွက် ပြည်သူလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား စီမံကိန်းဆောင်ရွက်ပုံများအား ရှင်းပြပေးမည်ဆိုပါက မြို့နယ်အဆင့်စီမံကိန်းဆောင်ရွက်ရာတွင် ပိုမိုအောင်မြင်နိုင်ပါသည်။

## ပလက်ဝမြို့နယ်

လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းစတင်နိုင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ ထုတ်ပေးနိုင်ရန် မိတ္တူကူးစက်များ ကောင်းမွန်ရန် လိုအပ်ပါသည်။ ယခုအခါ လက်ရှိအသုံးပြုနေသော ပရင်တာများမှာ ဟောင်းနေပြီး၊ မိတ္တူကူးစက်မှာ ပျက်နေသည်။ အဆိုပါ စီမံကိန်းသုံး ရုံးအသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးရန် ညှိနှိုင်းပေးစေလိုပါသည်။ အထက်ကုလားတန်ဒေသနှင့် သံထောင်ဒေသများအတွက် ရုံးဘက်မှ စက်လှေ စီစဉ်ပေးနိုင်လျှင် ထိုဒေသမှ တာဝန်ကျဝန်ထမ်းများအတွက် အပြင်မှ ငှားရမ်းသုံးစွဲသည့်လှေငှားခ ကုန်ကျမှု လျှော့ချနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုဒေသများတွင် ဒေသသုံးစက်လှေငယ်များ စီစဉ်ပေးသင့်ပါသည်။

စတုတ္ထနှစ်စီမံကိန်းလုပ်ငန်းများ သတ်မှတ်ထားသည့် အချိန်အတွင်းလုပ်ဆောင်အကောင်အထည်ဖော်နိုင်စေရန်အတွက် မြို့နယ် DRD ဘက်မှ လိုအပ်သော ပံ့ပိုးမှုများဖြစ်သည့် ကြိုတင်ခရီးစရိတ်ငွေများ၊ တစ်ခြားလိုအပ်သည့် စာရွက်စာတမ်းများကို သတ်မှတ်ချိန်အတွင်း ထုတ်ပေးနိုင်အောင် စီစဉ်ပေးရန် ညှိနှိုင်းလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

ယခုနှစ်သည် စီမံကိန်းအကောင်အထည်ဖော်ဆောင်သည့် နောက်ဆုံးနှစ်ဖြစ်သည်နှင့်အညီ မြို့နယ် DRD ဘက်မှ သက်ဆိုင်ရာ တာဝန်ခံများအား (M&E/ MIS, CSAG) နေရာများ အတွက် သေသေချာချာတာဝန်ယူနိုင်စေရေး လုပ်ဆောင်ပေးရန်အတွက် စီစဉ်ပေးစေလိုပါသည်။

## လှိုင်ကော်မြို့နယ်

လှိုင်ကော်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ချိန်ဖြစ်သည့်အတွက်နည်းပညာ ပိုင်းဆိုင်ရာ ပိုမိုအနီးကပ်ကြီးကြပ်ပေးစေလိုပါသည်။

စည်းရုံးရေးမှူးများသင်တန်းအတွက် သင်တန်းဆင်းလက်မှတ်များ ရရှိနိုင်ရန် အတွက် ကူညီပေးစေလိုပါသည်။

**ဒီးမော့ဆိုမြို့နယ်**

ဒီးမော့ဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး စတုတ္ထနှစ်စက်ဝန်းအတွင်း DRD Counterpart/Township DRD Engineer / များအား အချိန်ပြည့် ဝန်ထမ်းအဖြစ် တာဝန်ယူနိုင်အောင် သက်ဆိုင်ရာမှ စီစဉ် ဆောင်ရွက်ပေးစေလိုပါသည်။

TFs အသစ်များသည် CDD / infra အပိုင်း၏ သဘောတရားများ နားလည်မှု အားနည်းနေသေးသဖြင့် Design & Estimate တွက်ချိန်မှုစ၍ အနီးကပ် ကြီးကြပ် ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် Township DRD Engineer & State Infra အား တာဝန်ချထားရေး သက်ဆိုင်ရာမှ ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါသည်။

State infra ( TTA / Township DRD Engineer ) သက်ဆိုင်ရာ မြို့နယ် Work Plan အပေါ်မူတည်ပြီး အချိန်နှင့်တစ်ပြေးညီ သင်တန်းများ ဆောင်ရွက် ရန်အတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါသည်။

Union/State level မှ ညွှန်ကြားချက်များကို အချိန်မှီ ဆောင်ရွက် နိုင်ရေးအတွက် TA/TL များကိုလည်း ပူးတွဲပေးပို့ဆောင်ရွက်ပေးနိုင် ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးပြည်နယ်မှ တာဝန်ရှိသူများမှ စီမံကိန်း အကောင်အထည် ဖော်ဆောင် ရာတွင်ပိုမိုကောင်းမွန်စေရန်လိုအပ်သည်များ မှာကြားစေလိုပါသည်။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး တတိယနှစ် စီမံကိန်းစက်ဝန်းအတွက် လုပ်ငန်းများ ဆက်လက်အကောင် အထည်ဖော်နိုင်ရန် သက်ဆိုင်ရာတာဂန်ရှိသူများ မှ ဒေသခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြု လုပ်ပေးနိုင်ပါရန်

တင်ပြအပ်သည်။ ပြည်ထောင်စုအဆင့်သို့ ဖားဆောင်း၊ မယ်စဲ့နှင့် ဘောလခဲမြို့နယ်မှ ပို့ထားသော Air-Router(၁)လုံးနှင့် လိုအပ် နေသေးသော လက်တော့(ကွန်ပျူတာ)ကိုလည်း ပံ့ပိုး စေလိုခြင်း၊ ဗီဒီယိုကင်မရာ ပံ့ပိုးပေးခြင်းများ ပြုလုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**တနသာ်ာရီမြို့နယ်**

ပြည်ထောင်စုအဆင့်/တိုင်းဒေသကြီးအဆင့်တို့မှ ဝန်ထမ်းများအနေဖြင့် ပုံမှန်စောင့်ကြည့်ကြီးကြပ်ရေးခရီးစဉ်များဖြင့် အကြံပေးပံ့ပိုးပေးပါကစီမံကိန်းအနေဖြင့် ပိုမိုထိရောက်လာမည်။ထိုအပြင် သက်ဆိုင်ရာကဏ္ဍအလိုက်အဖြစ် ပုံမှန် စောင့်ကြည့်ကြီးကြပ် ပံ့ပိုးမှုများပေးစေချင်ပါသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် CDDစီမံကိန်းအတွက် သက်ဆိုင်ရာဌာနစိတ်အလိုက် Dataများဖြည့်သွင်းနိုင်ရေး အင်တာနက်အသုံးပြုမှုများရှိပါသည်။ M&E((၁)ပတ်(၁)ကြိမ် ကွင်းဆင်းမှတ်တမ်း၊ (၃)လပတ်အစီရင်ခံစာ၊(၂)ပတ်(၁)ကြိမ်MIS Check List)များ၊ CDDမြို့နယ်များမှ တင်ပြလာသည့် ငွေထုတ်ယူခွင့် ကိစ္စရပ်များ၊ လစဉ်အစီရင်ခံစာများ၊Unionမှပြည်နယ်/မြို့နယ်သို့၊ ပြည်နယ်မှUnionသို့၊ မြို့နယ်မှပြည်နယ်သို့ အပြန်အလှန်ပေးပို့သည့်Emailများ၊ ကွင်းဆင်းခရီးစဉ်အစီရင်ခံစာများပေးပို့ရခြင်း၊ ဖြည့်သွင်းရခြင်း၊ စစ်ဆေးရခြင်းတို့အတွက် အင်တာနက်Data Packageများစွာကုန်ကျမှုရှိနေပါသည်။ ရှမ်းပြည်နယ်ကျေးလက်ဦးစီးရုံးသည် အင်တာနက်လိုင်း သတ်မှတ်Terminal ထက် (၂)ဖာလုံခန့်ပိုမိုဝေးကွာနေခြင်းကြောင့် Data Loseများဖြစ်ပေါ်နေပြီး Internet(Wifi) သုံးစွဲ နိုင်ခြင်းမရှိပါ။ ၎င်းကြောင့် ရှမ်းပြည်နယ်ကျေးလက်ဦးစီးရုံး CDDစီမံကိန်း သက်ဆိုင်ရာ ဌာနစိတ်အလိုက် Dataများဖြည့်သွင်းနိုင်ရေးအတွက် Skynet Broad Band တပ်ဆင်အသုံးပြု ခွင့်ရနိုင်ရေး ချထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

## နမ့်ဆန်မြို့နယ်

နမ့်ဆန်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းအတွက် နောင်(၆)လအတွင်း ပြည်ထောင်စုအဆင့်၊ပြည်နယ်အဆင့် တိုင်းဒေသကြီးများမှ စီမံကိန်းမြို့နယ်အပေါ်လိုအပ်သောကူညီပံ့ပိုးမှုပေး စေလိုသည့် အကြောင်းအရာများမှာ (၁) ရုံးဝန်ထမ်းများ စီမံကိန်း ကျေးရွာများသို့ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစေနိုင်ရေးအတွက် နယ်မြေလုံခြုံရေးကိုသက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးစေလိုပါသည်။ (၂) ဝန်ထမ်းများလုံခြုံရေးနှင့် ပတ်သက်သောလမ်းညွှန်ချက်များ၊သင်တန်းများလိုအပ်ခြင်းအခါအားလျော်စွာလစ်လပ်နေသောဝန်ထမ်းနေရာများအား အချိန်မီဖြည့်တင်းခန့်ထားပေးနိုင်ရန်လိုအပ်ပါသည်။

## ဆီဆိုင်မြို့နယ်

ဆီဆိုင်မြို့နယ်အနေဖြင့် လာမည့်(၃)လပတ်အတွင်း Tomnship Integrated Village Development Plan (VDP) Workshop ကျင်းပပြုလုပ်ရန်ရှိပါသဖြင့် လိုအပ်သောလမ်းညွှန်ကူညီခြင်းများ ပြုပေးနိုင်ပါရန်နှင့် စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ချိန်ဆီဆိုင်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲမှ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေများအချိန်မီထုတ်ယူနိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်ကူညီမှုများပြုပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်တွင် စီမံကိန်းနှင့်သက်ဆိုင်သောလက်ကမ်းစာစောင် များအချိန်မီ ပံ့ပိုး ပေးစေလိုပါသည်။ လက်ထောက်နည်းပညာမှူးများမှ Design & Estimate ရေးဆွဲရာတွင် အဆင်ပြေစေရန် ပြည်နယ်အဆင့်မှ အနီးကပ်ကူညီပံ့ပိုးပေးရန်လိုအပ်နေပါသည်။ အခြေခံ ရှေးဦးသူနာပြုသင်တန်းများနှင့် အခြေခံဆေးဝါးများ၊ စီမံကိန်းသုံး မော်တော်ဆိုင် ကယ်များ (အရံထားရှိရန်)နှင့် ခက်ခဲသောဒေသသို့သွားရာတွင် အထောက်အကူပြုနိုင်ရန်အတွက် 4 Wheel ပါသောရုံးသုံးမော်တော်ကားတစ်စီးစီစဉ်ပေးစေလိုပါသည်။

**မိုးကောင်းမြို့နယ်**

Samsung Tablet တစ်လုံးမှာ ၈လပိုင်းကတည်းက ယူနီယံရုံးသို့ပြုပြင်ရန်ပို့ ထားသော် လည်းယခုအချိန်ထိမရရှိသေးပါ။ ထို့ကြောင့် အဆိုပါပစ္စည်းအား အမြန်ဆုံး ပြုပြင်၍ ပေးပို့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ပူတာအိုမြို့နယ်**

စီမံကိန်းသုံး မီးစက် အမြန်ဆုံးရရှိရန်။ (လူထုဗဟိုပြုစီမံကိန်းရုံးသည် လျှပ်စစ်အတွက် မီးစက်တစ်မျိုးတည်းကိုသာ မှီခိုနေရသည်။)ပြည်နယ် Infrastructure များလည်းအချိန်မီ လာရောက်ပံ့ပိုးကူညီမှုကြောင့် လက်ထောက်နည်းပညာမှူးများ Estimate တွက်ရာတွင် အခက်အခဲမရှိပါ။

**ရွှေကူမြို့နယ်**

ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းတိုင်းတာရန်အတွက် လိုအပ်သော အင်ဂျင်နီယာသုံး ပေပူးများ၊ Level Instrument ပစ္စည်းများလိုအပ်ပါသည်။ စီမံကိန်း လုပ်ငန်းခွဲများ အချိန်မှီပြီးစီးရန် အမြန်ဆုံးထောက်ပံ့ပို့ဆောင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဇယား ၁။ ၃၀/၉/၂၀၁၈ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ခွဲဝေမှုပြဇယား**

| | ပထမနှစ် | | ဒုတိယနှစ် | | တတိယနှစ် | | စတုတ္ထနှစ် | | ပဉ္စမနှစ် | |
|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | % | # | % | # | % |
| သယ်ယူပို့ဆောင်ရေး | ၁၂၆ | ၃၅.၃၀% | ၇၄၃ | ၄၁.၀၀% | ၂,၃၀၃ | ၅၀.၃၀% | ၄,၂၈၇ | ၅၆% | ၄၂၀၀ | ၅၉.၁% |
| ရေပေးဝေရေးနှင့် ကျန်းမာသန့်ရှင်းရေး | ၆၉ | ၁၉.၃၀% | ၄၁၅ | ၂၂.၉၀% | ၉၇၇ | ၂၀.၃၀% | ၁၁၅၇ | ၁၅% | ၆၃၂ | ၈.၈၉% |
| ပညာရေး | ၁၁၈ | ၃၃.၁၀% | ၄၃၄ | ၂၄.၀၀% | ၉၆၁ | ၁၉.၁၀% | ၁,၀၅၈ | ၁၃% | ၉၀၀ | ၁၂.၆၇% |
| မီးလင်းရေး | ၂၆ | ၇.၃၀% | ၁၄၂ | ၇.၈၀% | ၂၀၆ | ၄.၂၀% | ၄၈၅ | ၆% | ၅၉၃ | ၈.၃၅% |
| ရပ်ရွာလူထု အထောက်အပံ့ | ၁၅ | ၄.၂၀% | ၄၉ | ၂.၇၀% | ၁၉၀ | ၄.၀၁% | ၃၉၉ | ၄% | ၆၃၆ | ၈.၉၅% |
| ကျန်းမာရေး | ၁ | | | | ၃၃ | ၀.၀၁၉% | ၃၃ | ၀.၄% | ၂၃ | ၀.၃၂% |
| အခြား | ၂ | ၀.၈၀% | ၂၉ | ၁.၆၀% | ၆၁ | ၂.၂၀% | ၂၄၉ | ၃% | ၁၂၂ | ၁.၇၂ |
| | | | | | | | | | | |
| စုစုပေါင်း | ၃၅၇ | ၁၀၀% | ၁,၈၁၂ | ၁၀၀% | ၄,၇၃၁ | ၁၀၀% | ၇,၆၇၁ | ၁၀၀% | ၇၁၀၆ | ၁၀၀% |
| | | | | | | | | | | |

## ဇယား- ၂

### စေတနာအလျောက်မြေယာလှူဒါန်းခြင်း/လျော်ကြေးပေးခြင်းဆိုင်ရာစာရင်း

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | မြေယာလှူဒါန်းမှုရှိသော | | မြေယာလှူဒါန်းသော စီမံကိန်းလုပ်ငန်းခွဲပေါင်း | မြေယာကိစ္စ | | စုစုပေါင်း PC14 အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | ကျေးရွာအုပ်စုပေါင်း | ကျေးရွာပေါင်း | | မြေယာလှူဒန်းသော အိမ်ထောင်စုအရေအတွက် | လျော်ကြေးငွေပေးရသော အိမ်ထောင်စုအရေအတွက် | | |
| ၁ | ကချင်ပြည်နယ် | မိုးကောင်း | ၁၅ | ၁၉ | ၁၉ | ၅၁ | - | ၅၂ | |
| ၂ | | ရွှေကူ | ၂ | ၂ | ၂ | ၈ | | ၈ | |
| ၃ | ကယားပြည်နယ် | ဒီမော့ဆို | ၃ | ၃ | ၃ | ၂၀ | - | ၁၈ | |
| ၄ | | ဖရူဆို | ၄ | ၈ | ၈ | ၁၈ | - | ၁၈ | |
| ၅ | | လွိုင်ကော် | ၇ | ၁၁ | ၁၁ | ၉၇ | - | ၉၉ | |
| ၆ | | ရှားတော | - | - | - | - | - | - | မြေလှူဒါန်းမှုမရှိပါ |
| ၇ | | ဖားဆောင်း | ၁ | ၂ | ၂ | ၃၄ | - | ၃၄ | |
| ၈ | | ဘော်လခဲ | ၄ | ၆ | ၆ | ၃၂ | - | ၃၂ | |
| ၉ | | မယ်စဲ့ | ၁ | ၂ | ၂ | ၂ | - | ၂ | |
| ၁၀ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး | ၁၅ | ၂၉ | ၃၀ | ၂၀၈ | - | ၂၀၈ | |
| ၁၁ | ချင်းပြည်နယ် | မတူပီ | ၁၅ | ၂၁ | ၂၁ | ၅၈ | - | ၅၈ | |
| ၁၂ | | တွန်းဇံ | ၁ | ၁ | ၁ | ၁၆ | | ၁၆ | |
| ၁၃ | စစ်ကိုင်းတိုင်း | ပင်လည်ဘူး | ၁၄ | ၁၅ | ၁၅ | ၁၄၂ | - | ၁၄၂ | |
| ၁၄ | | မြောင် | ၉ | ၉ | ၉ | ၁၄၉ | - | ၁၄၉ | |
| ၁၅ | | ဗန်းမောက် | ၅ | ၉ | ၉ | ၄၃ | - | ၄၃ | |
| ၁၆ | မကွေးတိုင်း | စေတုတ္တရာ | ၁၈ | ၂၁ | ၂၁ | ၅၇ | - | ၅၇ | |
| ၁၇ | | မင်းတုန်း | ၃၆ | ၅၀ | ၅၀ | ၆၁၅ | - | ၆၁၅ | |
| ၁၈ | | ဆော | ၂၅ | ၃၂ | ၃၂ | ၇၄၈ | - | ၇၄၈ | |
| ၁၉ | | ထီးလင်း | ၅ | ၅ | ၅ | ၆ | - | ၆ | |
| ၂၀ | | ပေါက် | ၁၄ | ၂၀ | ၂၀ | ၃၄၅ | - | ၃၄၅ | |
| ၂၁ | မန္တလေးတိုင်း | ငါန်းဇွန် | ၂၇ | ၅၀ | ၅၁ | ၁၀၈၀ | - | ၁၀၈၀ | |
| ၂၂ | | ညောင်ဦး | ၂၅ | ၄၆ | ၄၆ | ၃၃၈ | - | ၃၃၈ | |
| ၂၃ | | နွားထိုးကြီး | ၉ | ၁၃ | ၁၃ | ၂၄၆ | - | ၂၄၆ | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၂၄ | | ပျော်ဘွယ် | ၂၅ | ၃၄ | ၃၅ | ၂၄၀ | - | ၂၄၀ | |
| ၂၅ | | ရမည်းသင်း | ၁၀ | ၁၂ | ၁၂ | ၈၅ | - | ၈၅ | |
| ၂၆ | ပဲခူးတိုင်း | ကျောက်ကြီး | ၁၉ | ၂၃ | ၂၅ | ၃၀၂ | - | ၃၀၂ | |
| ၂၇ | | မိုးညို | ၇ | ၇ | ၇ | ၁၈ | - | ၁၈ | |
| ၂၈ | | ပန်းတောင်း | ၁၇ | ၂၀ | ၁၉ | ၁၃၂ | | ၁၃၁ | |
| ၂၉ | ရန်ကုန်တိုင်း | ထန်းတပင် | ၂၃ | ၂၃ | ၃၃ | ၁၇၂ | - | ၁၇၂ | |
| ၃၀ | | ကော့မှူး | ၃၃ | ၄၄ | ၄၇ | ၁၅၈ | ၂ | ၁၆၀ | |
| ၃၁ | | ကွမ်းခြံကုန်း | ၉ | ၉ | ၉ | ၃၁ | - | ၃၁ | |
| ၃၂ | | ကျောက်တန်း | ၁ | ၁ | ၁ | | ၁ | | |
| ၃၃ | ဧရာဝတီတိုင်း | လေးမျက်နှာ | ၃၀ | ၄၆ | ၄၆ | ၇၄ | ၁ | ၇၆ | |
| ၃၄ | | ကြံခင်း | ၂၅ | ၅၁ | ၅၁ | ၆၄ | - | ၆၄ | |
| ၃၅ | | သာပေါင်း | ၄၀ | ၇၅ | ၁၀၃ | ၁၇၁ | - | ၁၇၁ | |
| ၃၆ | | ငပုတော | ၉ | ၁၁ | ၁၁ | ၄၅ | - | ၄၅ | |
| ၃၇ | တနင်္သာရီတိုင်း | တနင်္သာရီ | ၁၀ | ၁၄ | ၁၄ | ၆၁ | - | ၆၁ | |
| ၃၈ | မွန်ပြည်နယ် | ဘီးလင်း | ၂၀ | ၂၇ | ၂၈ | ၃၀၀ | - | ၃၀၀ | |
| ၃၉ | | ချောင်းဆုံ | ၆ | ၆ | ၆ | ၆ | - | ၆ | |
| ၄၀ | | ပေါင် | ၈ | ၁၄ | ၁၄ | ၆၈ | - | ၆၆ | |
| ၄၁ | ရခိုင်ပြည်နယ် | အမ်း | ၆ | ၆ | ၆ | ၈ | - | ၈ | |
| ၄၂ | | ပလက်ဝ | ၁ | ၁ | ၁ | ၁ | - | ၁ | |
| ၄၃ | နေပြည်တော် | တပ်ကုန်း | ၁၅ | ၂၁ | ၂၁ | ၃၁၂ | | ၃၁၂ | |
| ၄၄ | | လယ်ဝေး | ၁၆ | ၂၁ | ၁၅ | ၂၃၆ | - | ၂၃၆ | |
| ၄၅ | | ပျဉ်းမနား | ၃ | ၃ | ၃ | ၃၂ | - | ၃၂ | |
| ၄၆ | ရှမ်းပြည်နယ် | ဆီဆိုင် | ၅ | ၉ | ၉ | ၂၃ | - | ၂၃ | |
| ၄၇ | | နမ့်ဆန် | ၂ | ၂ | ၁၃ | ၁၃ | - | ၁၃ | |

**မှတ်ချက်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သောမြို့နယ်များတွင်ပိုင်ဆိုင်မှု၏ (၂၀%)ထက်ကျော်သောစေတနာအလျောက်မြေယာလှူဒါန်းသောစီမံကိန်းလုပ်ငန်းခွဲယခုသုံးလပတ်တွင်မရှိပါ။**

ဇယား-၃

## Procedures and progress for ethnic language translation

| No | Language | 1st step (send the documents to townships) | | 2nd step (receive documents translated by township) | | 3rd step (make layout) | | 4th step (send layout documents to townships) | | 5th step (send layout again for correction) | | 6th step (ready to print) | | 7th step (distribution to townships) | | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Kayan | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Demoso,Hsihseng |
| | | done | done | done | done | done | done | Done | done | done | done | done | done | done | done | |
